# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၅)


**ဒို့တာဝန်အရေး (၃) ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၂ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Katsuya Okada အား ဧပြီ ၂၂ ရက် ညနေ ၆ နာရီခွဲတွင် တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Katsuya Okada အား တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကြည့်ရှုလေ့လာ

### ကျောက်မီးသွေးမှ ဓာတ်အားထုတ်လုပ်မှု အဆင့်မြင့်နည်းပညာအသုံးပြုသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း သိရှိရ



နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် TOKYO ELECTRIC POWER COMPANY (TEPCO) Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ကာဝါဆကီမြို့ရှိ TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Katsumata က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ နိုင်ငံတော်သမ္မတက လာရောက်လေ့လာရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်ရုံအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ TEPCO ကုမ္ပဏီသည် တိုကျိုမြို့နှင့် ပတ်ဝန်းကျင်ကို အဓိက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ကုမ္ပဏီမှ ဂျပန်နိုင်ငံ၏ ဧရိယာ ၁၀ ရာခိုင်နှုန်း (၃၉၅၂၇ ကီလိုမီတာ) ကို လွှမ်းခြုံ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကာ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံရှိ သတင်းဌာနများမှသတင်းထောက်များအား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြား




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံရှိ သတင်းဌာနများမှ သတင်းထောက်များအား တိုကျိုမြို့ရှိ Hotel New Otani ၌ တွေ့ဆုံ၍ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံရှိသတင်းဌာနများမှ သတင်းထောက်များအား ဧပြီ ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

လက်ခံတွေ့ဆုံသည့် သတင်းဌာနများမှာ Japan National Press Club, NHK Japan Broadcasting Corporation, Nippon Television, NEKKI Asia News Department, Kyodo News,TheYomiuri Shimbun နှင့် The Mainichi Newspaper တို့ဖြစ်သည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဦးလှထွန်း၊ သံအမတ်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖြေကြား**

သတင်းထောက်များက မေးမြန်းသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ၊ မတူညီသည်များကို ဘေးဖယ်၍ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် တူညီသည့် ကိစ္စရပ်များတွင် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးဖော်ဆောင်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဧပြီ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နာရီတာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်းဒုတိယဝန်ကြီး Mr. Kenichiro SASAE နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Takashi SAITO ၊ ဂျပန်-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် ဝန်ထမ်း၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ပြန်လည်ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံမှ ထိုင်းအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ဗန်ကောက်မြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ည ၈ နာရီတွင် ရောက်ရှိကြသည်။ ယင်းနောက် ရန်ကုန်မြို့၌ ညအိပ်ရပ်နားပြီး နေပြည်တော်သို့ ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ နာရီတာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာစဉ်။** (သတင်းစဉ်)

| ထူးခြားသည့်နေ့အပူချိန်များ ၂၆-၄-၂၀၁၂ | | |
|---|---|---|
| ချောက်မြို့ | | ၄၅ ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | } | ၄၃ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | | |

မြန်မာ့အလင်း

**အယ်ဒီတာ့ အာဘော်**

(၂၀၁၂ ခုနှစ် ဧပြီ ၂၇ ရက်)

# ကလေးများနှင့် ကာကွယ်ဆေး

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဟု ဆရာဝန်များက မကြာခဏပြောဖူးသည်။ မည်သည့်ရောဂါမဆို ကြိုတင်လက်ဦးမှုရယူပြီး ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်၏။ ကာကွယ်ဆေး သောက်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါမဖြစ်အောင် သတိနှင့်ဆင်ခြင်စားသောက်နေထိုင်ခြင်းတို့သည် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်၏။

မြန်မာနိုင်ငံ၌ ကလေးများတွင် ဖြစ်ပွားတတ်သောရောဂါအမျိုးမျိုးကို ကာကွယ်ဆေးတိုက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းအစီအမံတို့ဖြင့် ဆောင်ရွက်လျက်ရှိပေသည်။ အထူးသဖြင့် ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်ရောဂါနှင့် အသည်းရောင်အသားဝါဘီပိုး၊ စီပိုးရောဂါတို့ဖြစ်၏။ ယင်းရောဂါများသည် စနစ်တကျကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းမရှိလျှင် အချိန်မရွေးဖြစ်ပွားနိုင်၏။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အသက်ငါးနှစ်အောက်ကလေးတိုင်းအား အဆိုပါရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း၊ တိုက်ကျွေးခြင်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဝက်သက်ရောဂါနှင့် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရောဂါတို့သည် ကူးစက်တတ်သော ရောဂါများပင်ဖြစ်၏။ နယ်စပ်ဒေသဝေးလံသီခေါင်အရပ်ဒေသများနှင့် ကျေးလက်ဒေသအချို့တွင် ကလေးများအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ဆေးတိုက်ခြင်းအလေ့အထအားနည်းခြင်းကြောင့် ရောဂါများ ပြန်လည်ခေါင်းထောင်လာကြောင်း သိရသည်။ အထူးသဖြင့် ဝက်သက်ရောဂါသည် ကာကွယ်ဆေးထိုးနှံခြင်း အသိဗဟုသုတနည်းပါးသဖြင့် ဖြစ်ပွားမှုနှုန်းပြန်လည်များပြားလာခြင်း ဖြစ်သည်။ ယင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ၏။

ဝက်သက်ရောဂါသည် ရောဂါပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ ဝက်သက်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသော ကလေးငယ်သည် နှာရည်ယိုခြင်း၊ ပြင်းထန်စွာဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းတို့ ဖြစ်ပွားတတ်၏။ ရောဂါဖြစ်ပွားနေသူကလေးမှ အခြားကလေးများအား လျင်မြန်စွာ ကူးစက်တတ်၏။ ဝက်သက်ရောဂါသည် စနစ်တကျကုသမှုခံယူခြင်းမရှိလျှင် အသက်ဆုံးရှုံးနိုင်၏။ ထို့ကြောင့် ဝက်သက်ရောဂါဖြစ်ပွားမှု လျော့နည်းပပျောက်ရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ၏။

အလားတူ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးကာကွယ်ဆေးများကိုလည်း မွေးကင်းစအရွယ်မှ စတင်ပြီး ဆေးရုံဆေးခန်းများ၌ ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရောဂါများသည်လည်း ကူးစက်မှုမြန်ဆန်သည့် ရောဂါများပင်ဖြစ်၏။ ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းမရှိလျှင် အမြစ်တွယ်စွဲကပ်နေတတ်သည့် ရောဂါဆိုးပင်ဖြစ်၏။ ထို့အပြင် ဆေးရုံဆေးခန်းများ၌ မွေးကင်းစကလေးများအား ဆုံစို့နာ၊ ကြက်ညှာချောင်းဆိုးစသည့် ကာကွယ်ဆေးများကိုလည်း ထိုးနှံပေးလျက်ရှိသည်။

ယခုအခါ ကျေးလက်ဒေသအချို့နှင့်ဝေးလံသီခေါင်သောနယ်စပ်ဒေသများ၌ ကလေးများကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဗဟုသုတများ နည်းပါးနေ၏။ ကလေးမိခင်များအနေဖြင့် မိမိတို့၏ ကလေးတွင် မလိုလားအပ်သော အဆိုပါရောဂါဆိုးများ မဖြစ်ပွားရလေအောင် သတိပြု၍ ကာကွယ်ဆေးတိုက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့ကို လိုက်နာဆောင်ရွက်သင့်၏။ မြန်မာနိုင်ငံတွင် လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေ၏။ သို့ပါသောကြောင့် မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များအား အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးကြပါရန် အသိပေးတိုက်တွန်းလိုက်ရပါသည်။

◆ *ရှေ့ဖုံးမှ*

ဂျပန်နိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်း (လူဦးရေ ၄၄ သန်း)ကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ TEPCO ကုမ္ပဏီသည် သဘာဝ ဓာတ်ငွေ့၊ ကျောက်မီးသွေး၊ စက်သုံးဆီတို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ကုမ္ပဏီကြီးဖြစ်သည်။ ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် လောင်စာကို ထိထိရောက်ရောက်အသုံးချ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ ငွေကြေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လောင်စာရရှိမှုတို့အပေါ် မူတည်၍ ဒေသ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ဆောင်ရွက်ပေးကြောင်း၊ ဂျပန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဧရိယာ ရှစ်ခုခွဲ၍ စက်ရုံများဆောက်လုပ် ဖြန့်ဖြူးပေးနေကြောင်း။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား TEPCO Kawasaki သဘာဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားစဉ်။**
(သတင်းစဉ်)





သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

၎င်းစက်ရုံသည် ကျောက်မီးသွေးလောင်စာကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသောစက်ရုံဖြစ်ကြောင်း၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် အဆင့်အမြင့်ဆုံးနည်းပညာကို အသုံးပြုထားသဖြင့် အသန့်ရှင်းဆုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားကြောင်း၊ နှစ်ပေါင်း ၆၀ကျော် ရေအား၊ ကျောက်မီးသွေးနှင့် စက်သုံးဆီတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး တစ်ကမ္ဘာလုံးတွင် စက်ရုံပေါင်း ၇၀ကျော် ပိုင်ဆိုင်ထားကြောင်း၊ ကျောက်မီးသွေးကို ပြည်ပမှတင်သွင်းပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ အများဆုံး ဝယ်ယူအသုံးပြုကြောင်း၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော်လည်း အဆင့်မြင့်နည်းပညာကို အသုံးပြုသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာကူရမြို့ရှိ ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးအား သွားရောက်ကြည်ညို၍ အလှူငွေများပေးအပ်လှူဒါန်းသည်။

ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ကြေးဆင်းတုဖြစ်ပြီး ကိုတိုကုအင်း ဘုရားကျောင်းအတွင်း တည်ရှိသည်။ ခရစ်နှစ် ၁၂၅၂ ခုနှစ်က သွန်းလုပ်ခဲ့သည့် ကမာကူရ ဗုဒ္ဓကြေးဆင်းတုကြီးသည် (၁၃ ဒသမ ၃၅)မီတာ အမြင့်ရှိသည်။

ကမာကူရ ဗုဒ္ဓကြေးဆင်းတုကြီးသည် ဂျပန်နိုင်ငံတွင် ဒုတိယအကြီးဆုံး ဆင်းတုတော်ကြီးဖြစ်သည်။ အကြီးဆုံးမှာ နာရ (Nara) မြို့ရှိ တိုဒိုင်းဂျိ(Todaiji) ဘုရားကျောင်းအတွင်းတည်ရှိသော တိုဒိုင်းဂျိဆင်းတုတော်ကြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။**
(သတင်းစဉ်)

ယင်းအနက် Kawasaki စက်ရုံသည် ရေနွေးငွေ့တာဘိုင်နှင့် သဘာဝဓာတ်ငွေ့တာဘိုင်နှစ်မျိုးလုံးကို အသုံးပြု၍ လည်ပတ်ကြောင်း၊ ဘေးထွက်ပစ္စည်းကို လောင်စာအဖြစ် ပြန်လည်အသုံးပြုကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ကြိုဆိုကြပြီး စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဟီတမူရက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ နိုင်ငံတော်သမ္မတက လာရောက်လေ့လာရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့

**ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။**
(သတင်းစဉ်)





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် TEPCO Kawasaki သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။**
(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် (အဖိတ်နေ့)**
**၂၇-၄-၂၀၁၂ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၃၀ စာဖတ်သံလေးမျှဝေပေး
- ၈း၄၀ International News

**ညပိုင်း**

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၂၀ **နှောင်းနှောင်တ**
- ၄း၃၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု) ရသစာပေအရေးအသား
- ၅း၁၀ **မူဆယ်တစ်ဝန်းဆီ ရွှေဖြူလွှမ်းတော့မည်**
- ၅း၂၀ မြန်မာစာ၊ မြန်မာစကား
- ၅း၅၀ စုစည်းခံစား ကမ္ဘာ့အားကစား
- ၆း၀၀ ညနေခင်းသတင်း
- ၇း၀၀ စန္ဒရားလှထွတ်၏ အမှတ်တရတေးများ
- ၇း၅၀ **သွေးသစ္စာ**
- ၈း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံတကာသတင်းများ
  - -မိုးလေဝသအခြေအနေ
  - -လျှပ်တစ်ပြက်ဟာသများ
  - -အိပ်မက်ထဲကအတိုင်း
  - -သီချင်းချစ်သူ (Cobra)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမာကူရမြို့ရှိ ကမာကူရဗုဒ္ဓရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်း-ရှေ့) (သတင်းစဉ်)

## ရှင်းလင်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ အစည်းအဝေးခန်းမ၌ လျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ လာရောက် လေ့လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။(သတင်း-ရှေ့) (သတင်းစဉ်)







## ရုပ်မြင်ခံစား ရုပ်မြင်သံကြားအစီအစဉ်များ

### MRTV-4

၂၇-၄-၂၀၁၂ (သောကြာနေ့)

**နံနက်ပိုင်း**

၅:၄၀ **ကမ္ဘာသက္ကတဉာဏ်ပေါ်ဖိုးနေသည့်အမှောင်** တရားတော်(ထူးကြီး ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ)
၉:၃၀ Movie Talk (နှစ်သစ်တူပြိုင် ပိတောက်မြိုင်) ဒါရိုက်တာ-ကြည်စိုးထွန်း (အပိုင်း-၈)
၁၀:၁၀ Activities in the City (အထက-၃ တောင်ဒဂုံ၏ အာစရိယပူဇော်ပွဲ)
၁၀:၄၅ Fashion Week (Forever) (အပိုင်း-၁)
၂:၂၀ HOLIKA HOLIKA ကိုရီးယား အလှကုန်ပစ္စည်းသစ်မိတ်ဆက်ခြင်းနှင့် စိန်မဟာကံထူးရှင်ရွေးချယ်ပွဲ
၅:၀၀ ပန်းပျိုးလက်ရဲ့ငွေကြယ်ပွင့်
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၅)
၈:၀၀ MRTV -4 သတင်း
၈:၃၀ Myanmar Cooking Master (ပွဲစဉ်-၁၆)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၁၉)
၁၁:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၅)
၁:၃၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဟိန်းနှင့်တွေ့ဆုံခြင်း)
၄:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa)

### မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၁၂ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၅ နိုင်ငံတော်သီချင်း
၇:၁၀ တရားတော်

**ညပိုင်း**

၄:၄၅ အိုင်စီတီသုတ
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၁၂)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း-၁၆)
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒယနှောင်ကြိုး** (အပိုင်း-၂၄)

# ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများအား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဧပြီ ၂၁ ရက်တွင် တိုကျိုမြို့ရှိ Hotel New Otani ၌ Suzuki Motor Corporation မှ Vice-President Mr. Yasuhito Harayama နှင့်လည်းကောင်း၊ Tobacco International ( JTI ) မှ Executive Vice President Mr. Saeki Akira နှင့်လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုမှု၊ စက်ရုံများ တည်ဆောက်လိုမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နည်းပညာများ မျှဝေပေးလိုမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထို့အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီတွင် Hotel New Otani ၌ Sumitomo - Mitsui Banking Co-operation (SMBC) မှ Deputy President Mr. Hiroshi Minoura သည် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်လိုမှု၊ ပုဂ္ဂလိကဘဏ်များ အဆင့်မြှင့်တင်ရေးအတွက် IT နည်းပညာ ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဧပြီ ၂၁ ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Yukio Edano နှင့်အဖွဲ့အား တွေ့ဆုံ၍ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ တရားဝင် ဖွံ့ဖြိုးမှုအကူအညီများ၊ ချေးငွေများပေးအပ်ရေး၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဧပြီ ၂၂ ရက် ညနေပိုင်းတွင် Hotel New Otani ၌ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hideichi Okada နှင့် NEDO အဖွဲ့တို့ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဧပြီ ၂၁ ရက်တွင် Japan Heart မှ Secretary General, Yoshiaki Usiu နှင့် အဖွဲ့သည် လာရောက်တွေ့ဆုံ၍ **(ဝဲပုံ)** မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် အနာဂတ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၄-၂၀၁၂

| | |
|---|---|
| ဆိပ်သာမြို့ | ၁ ဒသမ ၉၇ လက်မ |
| နေပြည်တော်(တပ်ကုန်း) | ၁ ဒသမ ၀၂ လက်မ |
| မချမ်းဘောမြို့ | ၀ ဒသမ ၆၃ လက်မ |

■ *ကျောဖုံးမှ*

သံအမတ်ကြီး ဦးခင်မောင်တင်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဂျပန်-မြန်မာ ပြည်သူများ ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မာရေးအတွက် လူငယ်ကိုယ်စားလှယ်များအား အပြန်အလှန်စေလွှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ညပိုင်းတွင် Hapoan Restaurant ၌ ဂျပန်- မြန်မာအသင်းက တည်ခင်းသည့် ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်လွှတ်တော်အမတ် Mr. Takeda Ryota အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၆**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်ပြည်ထောင်စု ညှိသည်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်ပြည်ထောင်စု Joint POW/ MIA Accounting Command (JPAC) မှ Commander Major General Stephen D.Tom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်စစ်မြေပြင်တွင် ပျောက်ဆုံးခဲ့သော အမေရိကန်စစ်မှုထမ်းများ၏ ရုပ်ကြွင်းများရှာဖွေရေးလုပ်ငန်းနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပေးအပ်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**

(သတင်းကျော)(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၂ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စ မေတေး အမ် အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုလဲသွယ်စပ်မျိုးစပါးရိတ်သိမ်းပွဲ တက်ရောက်

**နေပြည်တော် ဧပြီ ၂၆**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၅ ရက်နံနက် ၈ နာရီတွင် ထားဝယ်မြို့ ကျောက်မော်ရပ် တောင်သူဦးအောင်ကျော်မင်း၏ နွေစပါးစိုက်ခင်း၌ ကျင်းပသည့် ပုလဲသွယ်စပ်မျိုးစပါး ရိတ်သိမ်းပွဲသို့ တက်ရောက်ပြီး ထားဝယ်မြို့၊ကျောက်မော်၊ဘုမ္မော်၊ရှင်မုတ္တီး၊ ဇယာ၊ ကူးတို့နှင့် ကနိုင်းဒါကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ရိတ်သိမ်းခြွေလှေ့စက် Combine Havester ဖြင့် စပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပုလဲသွယ်စပ်မျိုးစပါးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ပျိုးထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပင်ခြားတန်းခြား ၈ လက်မ၊ ၆ လက်မ အကွာအဝေးနှင့်ရက်ပေါင်း ၁၂၀ စိုက်ပျိုးခဲ့ကာ တစ်ဧကလျှင် စပါး ၁၆၆ တင်းခန့်ထွက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ထားဝယ်မြို့ ကျောက်မော်ရပ် တောင်သူ ဦးအောင်ကျော်မင်း၏ နွေစပါးစိုက်ခင်း၌ ကျင်းပသည့် ပုလဲသွယ် စပ်မျိုးစပါး ရိတ်သိမ်းပွဲသို့ တက်ရောက်အားပေးစဉ်။**

(သတင်းစဉ်)

## သတိပေး နှိုးဆော်ချက်

*နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*နေပြည်တော်*
*ယာဉ်စည်းကမ်းထိန်းသိမ်းရေး*
*ကြီးကြပ်မှုကော်မတီ။*



**လူမှုဝန်ထမ်းဦးစီးဌာန သာကေတ မူလတန်းကြို ကျောင်း ကျောင်းသားကျောင်းသူ လေးများ၏ ကျောင်းဆင်း ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပွဲနှင့် ပဒေသာကပွဲကို ဧပြီ ၁၀ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာလွင်က ကျောင်းသား မောင်လင်းမြတ်သစ်အား ကျောင်းဆင်း ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။**

(မြန်မာ့အလင်း)

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်သင်ကြားပေးရေးနှင့် ယဉ်ကျေးမှုနှင့်ပြန်ကြားရေးကဏ္ဍတို့တွင် တိုးမြှင့်ဆောင်ရွက်ရေး ရင်းနှီးခင်မင်စွာဆွေးနွေး

**နေပြည်တော် ဧပြီ ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နေပြည်တော်၌ ရောက်ရှိနေသော အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Giuliomaria TERZI DI SANT' AGATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂၅ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ Mayor Of Turin H.E. Mr. Piero Fassino၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andrea BETORELLI နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် အီတလီနိုင်ငံ၏ အထောက်အပံ့နှင့် ယူနက်စကို၏ အစီအစဉ်ဖြင့်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေးနှင့် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍတို့တွင် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ထို့နောက် အီတလီအစိုးရ အထောက်အပံ့ဖြင့် UNESCO က ကြီးကြပ်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များနှင့် ပြည်တွင်းဂျာနယ်များမှ သတင်းထောက်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်းကို အီတလီအစိုးရအထောက်အပံ့ဖြင့် UNESCO က ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များက သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Capacity Building for Safeguarding Cultural Heritage in Myanmar စီမံကိန်းကို အီတလီနိုင်ငံ၏ အထောက်အပံ့အစီအစဉ်ဖြင့် ယူနက်စကိုက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ၎င်းစီမံကိန်းတွင် အပိုင်း (၃)ပိုင်း ပါရှိသည်။

စီမံကိန်းအပိုင်း(၁)တွင် ပျူမြို့ဟောင်းများနှင့် ပုဂံမြို့ဟောင်းတို့ရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသနေရာတို့၏ အရေးပေါ်ဆောင်ရွက်ရမည့် ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ် (Management Plan)ရရှိစေရန်အတွက် လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားပေးရန်တို့ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားမှုတွင် အုတ်အဆောက်အအုံနှင့် ကျောက်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းပညာနှင့် မှတ်တမ်းပြုစုခြင်းပညာများ၊ နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းများပြုပြင်ထိန်းသိမ်းခြင်းများ ပါဝင်သည်။

**သင်ကြားလေ့ကျင့်**

စီမံကိန်းအပိုင်း(၂)တွင် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက် နည်းပညာစနစ် ( Geography Information System )ကို အသုံးပြု၍ ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်တည်ဆောက်ရာ၌ ပစ္စည်းကိရိယာနှင့် Software များ ထောက်ပံ့ခြင်း၊ အချက်အလက်နှင့် နည်းပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ စွမ်းရည်မြင့်မားရန် မြှင့်တင်ပေးခြင်းနှင့် GIS စာတွေ့ လက်တွေ့သင်တန်း (၃)ကြိမ် သင်ကြားလေ့ကျင့်ပေးခြင်းများ ပါဝင်သည်။

**ပံ့ပိုးဆောင်ရွက်**

စီမံကိန်းအပိုင်း(၃)တွင် ကမ္ဘာ့အမွေအနှစ်စာရင်း၌ အမည်တင်သွင်းနိုင်ရေးအတွက်လုပ်ငန်းစဉ် (Process to Nominate World Heritage Sites)တွင် မူဝါဒဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးရန်ဖြစ်သည်။ အမျိုးသားအမွေအနှစ်စာရင်းများပြုစုခြင်း၊ အမည်စာရင်းတင်သွင်းရာတွင် ကူညီရေးသားတင်ပြခြင်း၊ လိုအပ်သောကိစ္စများ ပံ့ပိုးဆောင်ရွက်ခြင်းများပါဝင်သည်။

ယခုကဲ့သို့ ယူနက်စကိုနှင့် အီတလီနိုင်ငံတို့မှ အထောက်အပံ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော Capacity Building for Safeguarding Cultural Heritage in Myanmar စီမံကိန်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် ရေတိုရေရှည်အတွက် များစွာအထောက်အကူပြုကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## လက်ခံတွေ့ဆုံ



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Giuliomaria TERZI DI SANT' AGATA အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)





**မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## အခြေခံမီးသတ်သင်တန်း ပျဉ်းမနား၌ဖွင့်

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်တိုးတက်မြင့်မားစေရေးအတွက် အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၄/၂၀၁၂) ဖွင့်ပွဲကို ဧပြီ ၂၅ ရက် ညနေ ၄ နာရီက ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာန စခန်းရုံးအဆောက်အအုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုစိုးတို့နှင့် ဌာနဆိုင်ရာများ၊ ပျဉ်းမနားမြို့ပေါ်ဝန်းကျင် ၁၀ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(အောက်ပုံ) (မြို့နယ် ထွေ/အုပ်)**

**ဦးတင်ဦး-ဒေါ်တင်ယုတို့အား အမှူးထား၍ တွံတေးမြို့ စကြေလမ်း ၄၀၄/ဘီနေ ကိုသက်ပိုင်-မနှင်းအိကြိုင် (သား) မောင်ရဲသုတအောင်မွေးနေ့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်သန်း လက်ခံယူစဉ်။** (၀၀၉)



## ချောင်းဦးမြို့တွင် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ချောင်းဦး ဧပြီ ၂၆**

ချောင်းဦးမြို့၌ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉နာရီက အနော်ရထာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ဌာနဆိုင်ရာများ၊ ကန်တော့ခံသက်ကြီး အဘိုးအဘွားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီးနောက် သက်ကြီး အဘိုးအဘွားများကိုယ်စား အဘိုး ဦးအောင်မြင့်က ဩဝါဒစကားပြောကြားကာ တက်ရောက်လာကြသူများက သက်ကြီးအဘိုးအဘွားများအား ကန်တော့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## အားကစားဆိုင်ရာ သတင်းအချက်အလက်များအား FAX ဖြင့် ဆက်သွယ်ပေးပို့မေးမြန်းနိုင်

**နေပြည်တော် ဧပြီ ၂၆**

အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အားကစားဆိုင်ရာ သတင်းအချက်အလက်များ၊ အားကစားနှင့်ပညာပေးဆိုင်ရာ သတင်းအချက်အလက်များနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေးအတွက် အားကစားဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့အား ဖွဲ့စည်းထားရှိသည်။ သို့ဖြစ်ပါ၍ အားကစားဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ စာနယ်ဇင်းအသီးသီးမှ သိရှိမေးမြန်းလိုပါက မေးမြန်းသည့် စာနယ်ဇင်းအမည်ဖော်ပြလျက် သိရှိလိုသည့်အချက်များအား ဖုန်း-ဖက်စ်-၀၆၇-၄၀၆၀၂၇၊ ၀၆၇-၄၀၆၀၂၆ တို့သို့ ဆက်သွယ်ပေးပို့ မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြန်မာ့အလင်း ဘဝအမောပြေ

**မှတ်မိပုံက** — **အာကာဟိန်း-ရေးသားသည်**

**လန်ဒန်မြို့တွင်နေထိုင်သော မိတ်ဆွေနှစ်ဦးတွေ့ဆုံကာ စကားပြောလျက်ရှိသည်။**

ပထမမိတ်ဆွေ ။ ။ ပြီးခဲ့တဲ့သီတင်းပတ်က ခင်ဗျား ကားမောင်းလိုင်စင်ရအောင် လက်တွေ့ယာဉ်မောင်းစစ်ဆေးမှုသွားခဲ့တယ် မဟုတ်လား။

**ဒုတိယမိတ်ဆွေ ။ ။ အေး‥ဟုတ်တယ်။**

ပထမမိတ်ဆွေ ။ ။ ဘယ်လိုလဲ. . . အောင်ခဲ့လား။

**ဒုတိယမိတ်ဆွေ ။ ။ မအောင်ခဲ့ပါဘူးကွာ။**

ပထမမိတ်ဆွေ ။ ။ ဘာဖြစ်လို့လဲ။

**ဒုတိယမိတ်ဆွေ ။ ။ လမ်းအမှတ်အသားတွေ မသိလို့တဲ့။**

ပထမမိတ်ဆွေ ။ ။ သူတို့က ဘယ်လိုမေးလို့လဲ။

**ဒုတိယမိတ်ဆွေ ။ ။ ငါ့ကို လမ်းတစ်လမ်းအတိုင်း မောင်းခိုင်းပြီးတော့ ရုံးခန်းပြန်ရောက်တဲ့အခါ မေးတယ်။**

ပထမမိတ်ဆွေ ။ ။ ဘာမေးလို့လဲ။

**ဒုတိယမိတ်ဆွေ ။ ။ လမ်းဘေးတစ်လျှောက်စိုက်ထူထားတဲ့လမ်းအမှတ်အသားတွေထဲက တစ်ခုပြောပါတဲ့…။**

ပထမမိတ်ဆွေ ။ ။ အဲဒီတော့. . . ။

**ဒုတိယမိတ်ဆွေ ။ ။ ငါမြင်ခဲ့ရတဲ့ လူတစ်ဦးကို ကြက်ဥတစ်ဒါဇင် အလကားပေးသည်ဆိုတဲ့ ဆိုင်းဘုတ်ကို မှတ်မိပါတယ်လို့ ဖြေလို့တဲ့ကွာ …။**

ပထမမိတ်ဆွေ ။ ။ "ဟေ"

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်



# ၂၀၁၂ ခုနှစ် ဂူဂဲလ်အကောင်းဆုံးဓာတ်ပုံဆု ဆွီဒင်ကျောင်းသားတစ်ဦး၏လက်ရာရရှိ

**လန်ဒန် မေ ၂၆**

ဆွီဒင်နိုင်ငံမှ ဗစ်တာဂျွန်ဆင်အမည်ရှိ ကျောင်းသားတစ်ဦးရိုက်ကူးထားသော ဓာတ်ပုံသည် ၂၀၁၂ ခုနှစ်အတွက် ဂူဂဲလ်အကောင်းဆုံးဓာတ်ပုံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဗစ်တာဂျွန်ဆင်သည် ဆွီဒင်နိုင်ငံမှ ရေကူးသမား ခရစ်စတိုဖာအဲရစ်ဆင်၏ပုံကို ရိုက်ကူးတင်ပြထားသော ဓာတ်ပုံဖြစ်သည်။ **(အပေါ်ပုံ)** ၂၀၁၂ ခုနှစ် ဂူဂဲလ်ဓာတ်ပုံပြိုင်ပွဲသို့ နိုင်ငံတကာမှ ဓာတ်ပုံပေါင်း ၂၀၀၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းဓာတ်ပုံများမှ နောက်ဆုံးဆန်ခါတင်ဓာတ်ပုံ ၁၀ ပုံကို ရွေးချယ်ခဲ့ပြီးမှ အကောင်းဆုံးဓာတ်ပုံအဖြစ် ဗစ်တာဂျွန်ဆင်၏ဓာတ်ပုံကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဂူဂဲလ်၏ဆုရွေးချယ်ရေးအဖွဲ့က ဗစ်တာဂျွန်ဆင်၏ဓာတ်ပုံသည် လှုပ်ရှားသက်ဝင်ပြီး ကြည့်ရှုသူ၏ရင်ကို ခံစားမှုပေးစွမ်းနိုင်ကြောင်း သုံးသပ်ခဲ့သည်။ အဆိုပါ ဆုရဓာတ်ပုံအပါအဝင် အခြားဓာတ်ပုံများကို လန်ဒန်မြို့ဆာချီဓာတ်ပုံပြခန်း၌ မေ ၂၆ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ပြသထားမည်ဖြစ်သည်။ **(အင်တာနက်)**

# တရုတ်လေတပ်အတွက် အမျိုးသမီးလေယာဉ်မှူးများ လေ့ကျင့်ပေး

**ပေကျင်း မေ ၂၆**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်အတွက် အမျိုးသမီးလေယာဉ်မှူး ၃၂၈ ဦးအား အပြီးသတ်လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း၊ မကြာမီကာလအတွင်း လေတပ်လေယာဉ်မှူးတာဝန်များ ပေးအပ်မည်ဖြစ်ကြောင်း မေ ၂၆ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



**ထမ်းဆောင်ရမည်**

အဆိုပါ အမျိုးသမီးလေယာဉ်မှူးများသည် လေတပ်တိုက်လေယာဉ်များကို မောင်းနှင်နိုင်စွမ်းရှိပြီး တိုက်လေယာဉ်မှူးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့အပြင် သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အရေးပေါ်တာဝန်များ ထမ်းဆောင်ကြရမည်ဖြစ်သည်။ တစ်ဖန် အမျိုးသမီးလေတပ်လေယာဉ်မှူးများအား တိုးမြှင့်ခေါ်ယူကာ လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အမျိုးသမီးလေတပ်လေယာဉ်မှူးများခေါ်ယူရာတွင် အသက် ၂၄ နှစ်အောက် အမျိုးသမီးများသာခေါ်ယူမည်ဖြစ်သည်။ တရုတ်နိုင်ငံအပြင် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့တွင်လည်း အမျိုးသမီးလေယာဉ်မှူးအများအပြားကို တာဝန်ပေးထားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



# လက်နှစ်ဖက်မရှိဘဲ လက်ရေးလှစွာရေးနိုင်သည့် ခုနစ်နှစ်အရွယ် တရုတ်မိန်းကလေး ဆုရရှိ

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံ ပီစဘက်မြို့မှ လက်နှစ်ဖက်စလုံးမရှိသော ခုနစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးမှာ လက်ရေးအလှဆုံးဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း မေ ၂၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အင်နီကလက်အမည်ရှိ ခုနစ်နှစ်အရွယ် အဆိုပါမိန်းကလေးငယ် **(ဝဲပုံ)**သည် အဝါရောင်ဝတ်စုံလေးဝတ်ဆင်ကာ လက်ရေးအလှဆုံးရေးသားပြနိုင်ခဲ့မှုကြောင့် နီကိုလပ်မာစင်ဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုကို ပညာရေးဆိုင်ရာလုပ်ငန်းများလုပ်ကိုင်သည့် နာဇာဘလိုဆာကုမ္ပဏီက ကျောင်းသားကျောင်းသူများ စိတ်ဓာတ်မြှင့်တင်မှုနှင့် ကြိုးစားလိုစိတ်ဖြစ်ပေါ်စေရန်အတွက် ထူးခြားစွာကြိုးစားသည့်လူငယ်များအား ဤဆုကို ပြီးခဲ့သည့်နှစ်မှစတင်ကာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အင်နီကလက်သည် မွေးဖွားလာကတည်းက သူမ၏လက်နှစ်ဖက်စလုံးမှာ တံတောင်ဆစ်အောက်ပိုင်းမှနေပြီး ပြတ်နေခဲ့ခြင်းဖြစ်သည်။ သို့သော် သူမသည် ရေကူးခြင်း၊ စွန့်လွှတ်ခြင်းများကို ပြုလုပ်နိုင်ကြောင်း၊ ကြီးပြင်းလာသည့်အခါ စာရေးဆရာဖြစ်လိုသောဆန္ဒရှိကြောင်း အင်နီကလက်၏ ဖခင်က ပြောကြားသည်။ **(အင်တာနက်)**

# RISAT-1 သူလျှိုဂြိုဟ်တု အိန္ဒိယ အောင်မြင်စွာ လွှတ်တင်



**နယူးဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ပင် ထုတ်လုပ်သော သူလျှိုဂြိုဟ်တုကို မေ ၂၆ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့သည်။ အဝေးထိန်းအာရုံခံ သူလျှိုပုံရိပ်ဖမ်းဂြိုဟ်တု (RISAT-1) ကို တောင်ပိုင်းပြည်နယ် အင်ဒရာပရာဒက်ရှ်ရှိ သီရိဟာရီကိုတာ အာကာသမြေပြင်စခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

သဘာဝဘေးကြိုတင်ခန့်မှန်းမှုနှင့် သစ်တောစိုက်ပျိုးမြေလုပ်ငန်းများအတွက် သူလျှိုဂြိုဟ်တုကို အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ကာကွယ်ရေးလိုအပ်ချက်အတွက်လည်း အသုံးပြုရန် ရည်ရွယ်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (ISRO) မှ သိပ္ပံပညာရှင်များက ၎င်းဂြိုဟ်တုအား တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး PSLU ဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ နေ့ညမရွေး ရာသီဥတုအခြေအနေအရပ်ရပ်အပေါ် စောင့်ကြည့်ထောက်လှမ်းနိုင်သည့် RISAT-1 သူလျှိုဂြိုဟ်တုနှင့်ပတ်သက်ပြီး **“ယခုရေဒါပုံရိပ်ဖမ်းဂြိုဟ်တု တည်ဆောက်မှုဟာ အိန္ဒိယနိုင်ငံအတွက်ပထမဆုံးမဟုတ်ပါဘူး။ ဒါပေမယ့် ISRO က တည်ဆောက်ခဲ့တဲ့ အဝေးထိန်းအာရုံခံဂြိုဟ်တုများမှာ ထုထည်အကြီးမားဆုံးပါ။ ဒါ့အပြင် PSLU ဒုံးပျံယာဉ်ဖြင့် ဂြိုဟ်တုလွှတ်တင်မှုများမှာလည်း ထုထည်ကြီးမားတဲ့ဂြိုဟ်တုဖြစ်ပါတယ်”** ဟု အိန္ဒိယအရာရှိတစ်ဦးက ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားခဲ့သည်။

၁၈၅၈ ကီလိုဂရမ်အလေးချိန်ရှိသော RISAT-1 ဂြိုဟ်တုသည် ပင်လယ်ပြင်မျက်နှာပြင် အမြင့် ၅၃၆ ကီလိုမီတာတွင် ဂြိုဟ်ပတ်လမ်းအတွင်း လုပ်ငန်းလည်ပတ်မည်ဖြစ်ကြောင်း ISRO မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ **(အင်တာနက်)**

# ထိုင်းရေနံစိမ်းရထားတွဲ လမ်းချော်မှုဖယ်ရှား ခရီးစဉ်များပြန်လည်ပြေးဆွဲ

**ဗန်ကောက် မေ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော် ဒွန်မောင်းခရိုင်၌ မေ ၂၄ ရက်က ရထားလမ်းချော်တိမ်းမှောက်သွားသည့် ရေနံစိမ်းရထားတွဲမှ အောက်ခံတွဲလေးခုကို ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေးလုပ်ငန်း (အက်စ်အာရ်တီ)က နောက်တစ်ရက်တွင် ရှင်းလင်းပြီးနောက် မြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်း ရထားပို့ဆောင်ရေးခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း ထိုင်းသတင်းဌာနက ကြေညာသည်။

**ယိုဖိတ်**

ရေနံစိမ်းရထားတွဲမှ အောက်ခံတွဲအချို့မှာ မေ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် တိမ်းမှောက်သွားသဖြင့် ရထားလမ်းပိတ်သွားသည့်အပြင် ရေနံစိမ်းလီတာ ၂၀၀၀၀ ယိုဖိတ်ကုန်သည်။ ထိခိုက်သေဆုံးမှုမရှိဟုဆိုသည်။

**လမ်းချော်**

ဗန်ကောက်မြို့ ရေနံချက်စက်ရုံသို့ ရေနံစိမ်းများတင်ပို့ရန် မြောက်ပိုင်း ဖစ်ဆာနူလောဲပြည်နယ်မှ ဗန်ကောက်သို့ အတွဲ ၂၇ တွဲပါသည့်ရထားဖြင့် သယ်ဆောင်လာစဉ် လမ်းချော်ပြီး ယင်းသို့ဖြစ်ပွားရခြင်းဖြစ်သည်။ **(အင်တာနက်)**

# အမေရိကန်လေတပ်စခန်းအနာဂတ်အရေး ကာဂျစ္စတန်ညှိနှိုင်းဆောင်ရွက်မည်

**ဘစ်ရှကက် မေ ၂၆**

ကာဂျစ္စတန်နိုင်ငံ၏ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံဆွေးနွေးကာ သဘောထားကို ရယူပြီးမှသာ ကာဂျစ္စတန်နိုင်ငံ ဘစ်ရှကက်မြို့အနီးရှိ အမေရိကန်လေတပ်စခန်း၏ အနာဂတ်အရေးကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ကာဂျစ္စတန်ဝန်ကြီးချုပ် ဘာဘာနေ့ဗ်က ပြောကြားသည်။

အဆိုပါလေတပ်စခန်းအရေးနှင့်ပတ်သက်၍အမေရိကန်နိုင်ငံက ကာဂျစ္စတန်နိုင်ငံနှင့်ညှိနှိုင်းရန် ရည်ရွယ်ချက်ရှိကြောင်း ကာဂျစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ပါလမာစပတ်လင်းက ပြောကြားသည်။

အဆိုပါ လေတပ်စခန်းသည် အမေရိကန်အတွက်ရော ကာဂျစ္စတန်အတွက်ပါ အရေးပါသည်ဟု အမေရိကန်အစိုးရက ယုံကြည်ကြောင်း သံအမတ်ကြီး ပါလမာစပတ်လင်းက ပြောကြားသည်။ **(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ ၂၆-၄-၂၀၁၂

တင်မောင်လွှင် – စုစည်းသည်

### ကမ္ဘာ့အကြီးဆုံးနေစွမ်းအင်သုံးလေယာဉ် မကြာမီ ပထမဆုံးအကြိမ်ပျံသန်းမည်

*နေရောင်ခြည်၏ စွမ်းအားကို အသုံးပြုထားသည့် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးလေယာဉ်ကို ဆွစ်ဇာလန်နိုင်ငံမှ ထုတ်လုပ်ပြီး လာမည့်မေလ သို့မဟုတ် ဇွန်လတွင် ပထမဦးဆုံးအကြိမ် ပျံသန်းသွားမည်ဖြစ်ကြောင်း အဆိုပါလေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီက မေ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။*



*အဆိုပါလေယာဉ် (အပေါ်ပုံ)ကို ဘရန့်ပစ်ကတ်နှင့် အင်ဒရီဘော်ဆတ်ဘတ်အမည်ရှိ လေယာဉ်မှူးနှစ်ဦးက ပူးတွဲမောင်းနှင်မည်ဖြစ်ပြီး ပထမဆုံးအကြိမ်အတွက် ကီလိုမီတာ ၂၅၀၀ ကျော် ပျံသန်းနိုင်ရန် ကြိုးပမ်းသွားမည်ဟုဆိုသည်။ ယင်းလေယာဉ်သည် ဆွစ်ဇာလန်နိုင်ငံအနောက်ပိုင်း ပါယန်းလေဆိပ်မှပျံတက်ပြီး လောင်စာဆီတစ်စက်မျှ အသုံးပြုခြင်းမရှိဘဲ နောက်ဆုံးအနေဖြင့် မော်ရိုကိုနိုင်ငံသို့ ဆင်းသက်သွားမည်ဟုဆိုသည်။ လေယာဉ်ထွက်ခွာမည့်အချိန်အတိအကျမှာ မိုးလေဝသရာသီဥတုအခြေအနေပေါ်မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်ဟု ဆိုသည်။*

### ရုရှားနိုင်ငံတောင်ပိုင်း၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

*ရုရှားနိုင်ငံတောင်ပိုင်းတွင် မေ ၂၅ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျပြီးနောက် လေယာဉ်ပေါ်လိုက်ပါသူ လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ကြောင်း ရုရှားအရေးပေါ်အခြေအနေကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများကပြောကြားသည်။ အင်ဂျင်တစ်လုံးတပ် SP-30 အမည်ရှိအဆိုပါလေယာဉ်သည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြုသည့်လေယာဉ်ဖြစ်ပြီး ယင်းနေ့မော်စကိုစံတော်ချိန် ၁၅ နာရီ ၄၅ မိနစ်ခန့်က မစ်ခ်ီလော့ကာမြို့ ဗောဂိုဂတ်ဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်အခြေအနေဌာနမှ သတင်းရရှိခဲ့ခြင်းဖြစ်သည်။ ကနဦးရရှိသည့်သတင်းအရ ယင်းလေယာဉ်သည် ကောက်ပဲသီးနှံများအား ဆေးဖျန်းနေစဉ် လေမုန်တိုင်းများတိုက်ခတ်မှုကြောင့် ငါးမီတာအမြင့်မှ ပျက်ကျခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။*

### တရုတ်အရှေ့တောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား

*တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန့်ပြည်နယ်တွင် မေ ၂၄ ရက် မွန်းလွဲပိုင်းက မြေပြိုမှုကြောင့် အလုပ်ရုံတစ်ရုံ မြေကြီးများဖုံးလွှမ်းသွားခဲ့ရာ လူခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ အဆိုပါမြေပြိုမှုသည် ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖူကျန့်ပြည်နယ် ဂူတန်စီရင်စုရှိ လောင်ဒီယန်းကျေးရွာတွင် မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။* (အင်တာနက်)

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# သဝဏ်လွှာများမှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်းများရှင်းလင်းတင်ပြခြင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၉၈) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သဝဏ်လွှာများမှတ်တမ်းတင်ခြင်း၊ ကိုယ်စားလှယ်များ ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မှတ်တမ်းတင်ဆောင်ရွက်

**သဝဏ်လွှာများမှတ်တမ်းတင်ခြင်းကဏ္ဍ**၌ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း နိုင်ငံတော်သမ္မတထံမှပေးပို့ထားသည့် သဝဏ်လွှာများအနက် မှတ်တမ်းတင်ရန်ကျန်ရှိသည့် ဧပြီ ၁ ရက်တွင်ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲသို့ အာဆီယံဥက္ကဋ္ဌကိုယ်စား ကမ္ဘောဒီးယားနိုင်ငံကစေလွှတ်ခဲ့သည့် လေ့လာသူကိုယ်စားလှယ်အဖွဲ့၏ သတင်းထုတ်ပြန်ချက်နှင့်စပ်လျဉ်းသည့် သဝဏ်လွှာ၊ အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးဆိုင်ရာအစီရင်ခံစာနှင့်စပ်လျဉ်းသည့် သဝဏ်လွှာနှင့် ဂျပန်နိုင်ငံကြွေးမြီများနှင့်သက်ဆိုင်သည့် သဝဏ်လွှာတို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

**ကိုယ်စားလှယ်များဆွေးနွေးခြင်းကဏ္ဍ**၌ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအပေါ် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးရွှေမောင်၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ဆွေးနွေးကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ "ပြည်ထောင်စုအဆင့်အဖွဲ့အစည်း" ဟူသောစကားရပ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပါကြောင်း၊ "ပြည်ထောင်စုအဆင့်အဖွဲ့အစည်း" ဟူသော စကားရပ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုရွေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေများတွင်သာ ပါရှိပါကြောင်း၊ ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါစကားရပ်များနှင့် ရောထွေးသုံးသပ်ခြင်းမှာ မှားယွင်းပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ညီညွတ်မှုမရှိပါကြောင်း။

ခုံရုံးသည် ဥပဒေပြဋ္ဌာန်းချက်အခိုင်အမာရှိပြီးဖြစ်သော လွှတ်တော်ဆိုင်ရာဥပဒေများပါ "ပြည်ထောင်စုအဆင့် အဖွဲ့အစည်း" ဟူသော စကားရပ်၏ အဓိပ္ပာယ်ကိုဆွဲယူ၍ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိဟုဆုံးဖြတ်ခြင်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းပေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုရွေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေများသည်လည်း ဖွဲ့စည်းပုံအခြေခံနှင့် ညီညွတ်ခြင်းမရှိဟု ဆိုလိုရာရောက်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ဆန့်ကျင်နေသည်မှာ ပေါ်လွင်ပါကြောင်း။



**တက်ရောက်** ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

## ဆွေးနွေး

နိုင်ငံတော်၏ အချုပ်အခြာအာဏာ(၃)ရပ်၌ အမြင့်ဆုံးဖြစ်သော ဥပဒေပြုအာဏာကို ကျင့်သုံးဆောင်ရွက်နေသော ပြည်ထောင်စုလွှတ်တော်၊ တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သည့် လွှတ်တော်ဆိုင်ရာကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့အစည်းများသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှလွဲ၍ အခြားမဖြစ်နိုင်သောကြောင့် ခုံရုံးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမဟုတ်ကြောင်း ဆုံးဖြတ်ချက်မှာ မှားယွင်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်ကြသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သင့်လျော်သည့်နေရာတွင် ရှင်းရှင်းလင်းလင်းဖော်ပြကာ ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် အကြံဉာဏ်များရယူ၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ပြုစုကာ ဧပြီ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ရှင်းလင်းတင်ပြခြင်းကဏ္ဍ** ၌ နိုင်ငံတော်သမ္မတက မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း** နှင့် **၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်း**များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက ဖတ်ကြားရှင်းလင်းပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအပေါ် ဆွေးနွေးလိုသည့်အချက်များကို တစ်ပေါင်းတည်း ဆွေးနွေးကြရန်နှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာကို ဖော်ပြလက်မှတ်ရေးထိုးပြီး ဧပြီ ၂၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားပြီး အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) တတိယနေ့ကျင်းပ

**နေပြည်တော် ဧပြီ ၂၆**

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၂) တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## အဆိုတင်သွင်း

အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၃ ရက်က လှိုင်မြို့နယ် အမှတ် (၇) ရပ်ကွက် ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲနှင့်ရုံးခန်းဖွင့်ပွဲကို ကျင်းပရာ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆွေဝင်းနှင့် အမှုဆောင်များ၊ ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်တို့ ဖွင့်လှစ်ပေးစဉ်။ (၁၂၂)



**မလေးငါးတန်ဖွံ့ဖြိုးဖို့ ခါအုပ်ခါပေ လေ့လာခို့**

# နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဧပြီ ၂၆ ရက်တွင် ဦးခင်ဇော်အပါအဝင် ပုဂ္ဂိုလ် ၂၂ဦးက အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**



## ရှင်းလင်းပြောကြား

**ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက်က လယ်ယာမြေဥပဒေ၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့နှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပရာ တွဲဖက်ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြတ်ကျော် ရှင်းလင်းပြောကြားစဉ်။** (မြန်မာ့အလင်း)

# မိတ္ထီလာ အလက (၃) မြတ်ဆရာပူဇော်

**မိတ္ထီလာ ဧပြီ ၂၆**

မိတ္ထီလာမြို့ အလက (၃)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဧပြီ ၂၁ ရက် နံနက်က ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးနေဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် အသက် ၆၀ ကျော် အငြိမ်းစားယူသွားသော ရပ်ဝေးရပ်နီးမှ ဆရာ ဆရာမကြီး ၄၆ ဦးတို့အား တပည့်ဟောင်းများက ကန်တော့ကြသည်။ ဆက်လက်၍ ကျောင်းသူဟောင်း ပညာရေးကောလိပ်မှ ဆရာမ ဒေါ်အေးစန္ဒာက မြတ်ဆရာသီချင်းဖြင့် ပူဇော်ကန်တော့သည်။

## ကန်တော့

ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်မာလာမြင့်က ဩဝါဒဆုံးမစကား မြွက်ကြားပြီး ဆရာပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေး ကော်မတီကိုယ်စား အမှုဆောင် ဒေါ်မိုးခိုင်ဆွေက ဆရာပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများကိုယ်စား တပည့်ဟောင်း ဦးမြမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကန်တော့ခံဆရာ ဆရာမကြီးများအား တပည့်များက ကန်တော့ငွေ တစ်ဦးလျှင် ကျပ် ၃၅၀၀၀ စီ ကန်တော့ခဲ့ကြောင်း သိရှိရသည်။ **(၀၁၂)**

**နေပြည်တော် ဧပြီ ၂၆**

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍ နိုင်ငံတော်၏ အမျိုးသားရေးစီမံကိန်းများနှင့် ညီညွတ်စွာ လယ်ယာကဏ္ဍကို ပိုမိုတိုးတက်အောင်မြင်အောင်၊ လျာထားချက် ပြည့်မီကျော်လွန်အောင် လက်တွေ့ဖော်ဆောင်နိုင်မှသာလျှင် နိုင်ငံတော်၏ အခြေခံအုတ်မြစ် ခိုင်မာနိုင်မည်ဖြစ်သည့်အတွက် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင်ဆောင်ရွက်ကြရန်၊ လွှတ်တော်အဆင့်ဆင့်မှ အတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် လယ်ယာမြေဥပဒေများနှင့် မြေလွတ်မြေရိုင်း ဥပဒေများကို ကျေးလက်နေပြည်သူများ လက်ဝယ်သို့ အရောက် ပျံ့နှံ့အသုံးပြုနိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်သွားရန်နှင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း မူလဥပဒေ (MOTHER LAW) တိမ်းစောင်းမှု မရှိစေဘဲ မှန်ကန်ပြည့်စုံစွာဖြင့် ရေးဆွဲအတည်ပြု အသုံးပြုနိုင်ရေးအတွက် ဌာနအလိုက် အချိန်မီအကောင်အထည်ဖော်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဧပြီ ၂၅ရက် နံနက် ၉နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် လယ်ယာကဏ္ဍ၏ အခြေခံကိန်းဂဏန်းများ၊ မြေကြီးမြေပုံ မှန်ကန်ရေးနှင့် လယ်ယာမြေလုပ်ကိုင်ခွင့် ( LAND LAW RIGHT) မှတ်ပုံတင်များကို ခိုင်မာသော စံနှုန်းသတ်မှတ်ချက် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေး ဘက်စုံထောင့်စုံမှ သုံးသပ်ရေးဆွဲဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

နိဂုံးချုပ်တွင် ပြည်ထောင်စုဝန်ကြီးက တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနတစ်ခုလုံး နိုင်ငံတော်မှ ချမှတ်ပေးထားသော လုပ်ငန်းတာဝန်များအပေါ် ကိုယ်စွမ်း၊ ဉာဏ်စွမ်းဖြင့် စိတ်စေတနာအပြည့်အဝဖြင့် ကြိုးစားဆောင်ရွက်ခဲ့မှုအပေါ် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အဘက်ဘက်မှ ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်နေမှုအပေါ် အရှိန်အဟုန်မြှင့်တင်ပြီး ဦးထမ်းပဲ့ထမ်း၊ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံတောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် ဌာနအသီးသီးအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အောက်ခြေအဆင့်ဆင့် ဝန်ထမ်းများ၏ အခက်အခဲများကို မျက်ခြည်မပြတ် သိရှိအောင် အောက်ခြေအထိ ဆင်းပြီး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လက်အောက်ဝန်ထမ်းများ၏ အခက်အခဲကို မိသားစုစိတ်ဓာတ်ဖြင့် ဖြေရှင်းပေးခြင်း၊ စောင့်ရှောက်ပေးခြင်း နည်းလမ်းများ အပါအဝင် ဌာနအသီးသီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်သူလယ်သမားများအား လူနေမှုဘဝ မြင့်မားတိုးတက်စေရေး ဌာနအသီးသီးက လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဖော်ဆောင်





# မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ကြံဆမှုဝန်ကြီးနှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား လာရောက်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ကြံဆမှုဝန်ကြီး H.E. Datuk Seri Dr. Maximus Johnity Ongkili နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(ဝဲပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာအခန်းကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာမခံကုမ္ပဏီ တည်ထောင်လိုသူများ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်

နိုင်ငံတော်၏ စီးပွားရေး နိုင်ငံတကာနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်စေရန်နှင့် နိုင်ငံပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများအား မမျှော်လင့် မရှောင်လွှဲနိုင်သော သဘာဝဘေး အန္တရာယ်အမျိုးမျိုးကြောင့် ပေါ်ပေါက်ရသည့် ဆုံးရှုံးပျက်စီးမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန် အလို့ငှာ အာမခံလုပ်ငန်းများ ပိုမိုကျယ်ပြန့်အားကောင်းလာရန် လိုအပ်ပါသည်။

သို့ပါ၍ အာမခံကုမ္ပဏီများကို ပုဂ္ဂလိကပိုင် အများပိုင်ကုမ္ပဏီများအဖြစ် တည်ထောင်ခွင့်ပြုမည် ဖြစ်ပါသည်။ ထိုသို့ တည်ထောင်ခွင့်ပြုနိုင်ရန်အတွက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးပြီးဖြစ်သည့်အပြင် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုလည်း အချိန်ယူဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယခုနှစ် မေလ ၂ ရက်မှစ၍ အာမခံကုမ္ပဏီတည်ထောင်လိုသူများသည် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

## ပူဇော်ကန်တော့

**ဧပြီ ၁၇ ရက်က သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာတွင် (၂၅)ကြိမ်မြောက် သက်ကြီးအဘိုးအဘွားများ ပူဇော်ပွဲအခမ်းအနားကို ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ အဘိုးအဘွားများအား ကျေးရွာသူ ကျေးရွာသားများက စုပေါင်း ပူဇော်ကန်တော့ကြစဉ်။** (ဝ၄၅)



**နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း**

# ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ကမ္ဘာနှင့်တိုက်မိသောကြောင့် ဒိုင်နိုဆောများ ပျောက်ကွယ်ဟုဆို



**ကမ္ဘာဦးခေတ်က အချင်း ခြောက်မိုင်နီးပါးရှိ ဂြိုဟ်သိမ် ကမ္ဘာမြေနှင့်ဝင်တိုက်ခဲ့ရာမှ ဒိုင်နိုဆော သတ္တဝါမျိုးသုဉ်းခဲ့ရသည်။**

**ဝါရှင်တန် ဧပြီ ၂၆**

လွန်ခဲ့သော နှစ်ဘီလီယံများစွာက ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ကမ္ဘာနှင့်တိုက်မိခဲ့မှုကြောင့် ဒိုင်နိုဆောသတ္တဝါကြီးများ မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ကြောင်း၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ကမ္ဘာနှင့်ဝင်တိုက်ခဲ့သည့် အကြိမ်အရေအတွက်သည် ယခင်တွေးထင်ထားသည်ထက် ပိုများပြားကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များက သုတေသနပြုကာ ကောက်ချက်ချသည်။

ကမ္ဘာမြေပေါ်သို့ အချင်းခြောက်မိုင်နီးပါးရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားကြီးတစ်ခု လွန်ခဲ့သောနှစ်သန်းပေါင်း ၆၅ သန်းကျော်က ဝင်တိုက်မိခြင်းသည် ဒိုင်နိုဆောသတ္တဝါကြီးများအား မျိုးသုဉ်းပျောက်ကွယ်သွားစေသည့်အကြောင်းအရင်းဖြစ်သည်။

ဩစတြေးလျရှိ ရှေးဟောင်းကျောက်သားလွှာများကို ကွန်ပျူတာအသုံးပြုကာ သုတေသနများဆောင်ရွက်ခဲ့ခြင်းအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၈ ဘီလီယံနှင့် ၃ ဒသမ ၈ ဘီလီယံကြားတွင် ဒိုင်နိုဆောများ မျိုးသုဉ်းသွားစေသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားကြီးနှင့် ထုထည်ညီမျှသော သို့မဟုတ် ၎င်းထက်ပိုကြီးသော ဂြိုဟ်သိမ်ဂြိုဟ်မွှားပေါင်း ၇၀ နီးပါးအထိ ကမ္ဘာပေါ်သို့ကျရောက်ခဲ့သည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် အာကာသအေဂျင်စီ နာဆာက ကြေညာခဲ့သည်။

အလားတူနှစ်ကာလအပိုင်းအခြားအတွင်း အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်ကြီးအရွယ်မျှရှိသော ဂြိုဟ်သိမ်ဂြိုဟ်မွှားများ လကမ္ဘာသို့ လေးကြိမ်တိုင် ဝင်တိုက်မိခြင်းလည်း ဖြစ်ပေါ်ခဲ့ကြောင်း သုတေသနပညာရှင်များက သုတေသန အသစ်တွေ့ရှိချက်ကို ဧပြီ ၂၅ ရက်ထုတ် Nature ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ **(အင်တာနက်)**

## နွားရူးရောဂါကြောင့် အမေရိကန်ထံမှ အသားတင်သွင်းမှု အင်ဒိုရပ်ဆိုင်း

**ဂျကာတာ ဧပြီ ၂၆**

သေစေနိုင်သော နွားရူးရောဂါ ဖြစ်ပွားလျက်ရှိနေခြင်းကြောင့် အမေရိကန်နိုင်ငံမှ အသားတင်ပို့မှုကို အင်ဒိုနီးရှားနိုင်ငံက ရပ်ဆိုင်းထားမည်ဟု အင်ဒိုနီးရှား အထက်တန်းအရာရှိတစ်ဦးက ဧပြီ ၂၆ ရက်တွင် ပြောကြားကြောင်း ဒေသတွင်းမီဒီယာများတွင် သတင်းဖော်ပြသည်။ ယခုသွင်းကုန်ရပ်ဆိုင်းမှုအတွက် အချိန်သတ်မှတ်ချက်ကို အင်ဒိုနီးရှားအစိုးရက ပြဋ္ဌာန်းမထားကြောင်း၊ အခြေအနေများ ယခုထက် ပိုကောင်းမွန်လာချိန်အထိ အင်ဒိုနီးရှားအစိုးရက စောင့်နေလိမ့်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဒုတိယဝန်ကြီး ရုစ်မန်ဟီရီယာဝန်က ပြောကြားခဲ့သည်။

အမေရိကန်မှ တင်သွင်းသော အမဲသားများကို အများအားဖြင့် အင်ဒိုနီးရှားရှိ ဟိုတယ်များနှင့် စားသောက်ဆိုင်များအတွက် ဝယ်ယူခြင်းဖြစ်ကြောင်း၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ကနေဒါတို့မှလည်း အင်ဒိုနီးရှားသို့ အသားတင်ပို့ကြကြောင်း၊ ကျွဲနွားအရှင်များ တိုက်ရိုက်သွင်းမှုလည်းရှိကြောင်း ဒုတိယဝန်ကြီးဟီရီယာဝန်က ဆက်လက်ပြောကြားသည်။

**ရပ်ဆိုင်း**

ပြီးခဲ့သည့်နှစ်က အင်ဒိုနီးရှားတွင် ကျွဲနွားများအား မသတ်မီ ထုထောင်းခြင်းနှင့် ကြာပွတ်ဖြင့်ရိုက်ခြင်းတို့ ပြုလုပ်ကြသည့် ဗီဒီယိုထွက်ပေါ်လာပြီးနောက်ပိုင်း ဩစတြေးလျနိုင်ငံသည် ကျွဲနွားအရှင်များ အင်ဒိုနီးရှားသို့ တင်ပို့မှုကို ရပ်ဆိုင်းခဲ့သည်။ **(အင်တာနက်)**

**ဇော်ဦးခိုင် - ရေးသားသည်**



## မိုးခေါင်မှုကပ်ဘေး အရေးတကြီးဖြေရှင်းကြရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တိုက်တွန်း

**ဗန်ကောက် ဧပြီ ၂၆**

မိုးခေါင်မှုဒဏ်ကြုံတွေ့လျက်ရှိသော ထိုင်းနိုင်ငံ ပြည်နယ် ၄၈ ပြည်နယ်ရှိ ပြည်သူများအတွက် အကူအညီများ အရေးတကြီးဆောင်ရွက်ပေးရန်နှင့် မိုးခေါင်မှုကပ် ဘေး ဆက်လက်ဖြစ်ပေါ်မှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ယန်ယုဗီချန်ဒစ်က အစိုးရပိုင်း တာဝန်ရှိအာဏာပိုင်များအား ဧပြီ ၂၄ ရက်တွင် တိုက်တွန်းခဲ့သည်။ **(အပေါ်ပုံ)**

ပြည်နယ် ၇၇ ပြည်နယ်ဖြင့် ဖွဲ့စည်းထားသော ထိုင်းနိုင်ငံတွင် မိုးခေါင်ခြင်းကြုံတွေ့နေသော ပြည်နယ် ၄၈ ပြည်နယ်၌ သဘာဝကပ်ဘေးအား ရင်ဆိုင်ဖြေရှင်းရေးနှင့် ဒေသခံများအား ကူညီစောင့်ရှောက်ရေးအတွက် အထူးတာဝန်ဆောင်ရွက်ရေး စင်တာများ တည်ထောင်ကြရန်လည်း ဒုတိယဝန်ကြီးချုပ်က သက်ဆိုင်ရာဒေသအာဏာပိုင်များအား တာဝန်ခွဲဝေချမှတ်ပေးခဲ့သည်။

ထိုသဘာဝဘေးသင့်ပြည်သူများ အကူအညီပေးနိုင်ရေးအတွက် ထိုင်းဘတ်ငွေသန်း ၅၀ ကို ဒုတိယဝန်ကြီးချုပ်က ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်သည်။ မိုးခေါင်မှုပြဿနာဖြေရှင်းရေးအထူးကော်မတီအဖွဲ့အား ဦးဆောင်လျက်ရှိသည့် ထိုင်းဒုတိယဝန်ကြီးချုပ် ယန်ယုနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများသည် ကြုံတွေ့နေရသော မိုးခေါင်မှုသဘာဝဘေး ကိုင်တွယ်ဖြေရှင်းရေးကို ဗီဒီယိုဆက်သွယ်မှုမှတစ်ဆင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

## နမ့်ယွန်းချောင်းကူးတံတား မိုင်းဖြတ်၌ ဖွင့်

**မိုင်းဖြတ် ဧပြီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာ နမ့်ယွန်းချောင်းကူးတံတား ဖွင့်ပွဲကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပသည်။

**အကုန်အကျခံတည်ဆောက်**

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောရှေနှင့် အလှူရှင် ဦးကျစိုးဘိုတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းတံတားမှာ အလျား ၂၄ ပေ၊ အကျယ် ၁၂ ပေ၊ ကမ်းကပ်ခုံအကျယ် ၁၆ ပေရှိ သစ်သားတံတား အမျိုးအစားဖြစ်ပြီး အလှူရှင် ငွေကျပ် ၈၅ သိန်းကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သွားလာနိုင်မည်**

အဆိုပါ တံတားတည်ဆောက်ခြင်းအားဖြင့် မိုင်းဖြတ်မြို့နယ် နမ့်ယွန်းနှင့် နမ့်ပန်အုပ်စုရှိ ကျေးရွာ ၃၂ ရွာအပြင် ကျိုင်းတုံမြို့နယ် တောင်ပေါ်ငါးအုပ်စုနှင့် မိုင်းဆတ်မြို့နယ် မိုင်းလုံးကျေးရွာအုပ်စုသို့ပါ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ - စုစည်းသည်

# တရုတ်ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖတ် Ted Lori ဇာတ်ကား၌ သရုပ်ဆောင်



ပေကျင်း ဧပြီ ၂၆

တရုတ်(တိုင်ပေ) ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖတ်က The Last Tycoon အမည်ရှိတဲ့ ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ထားပြီး ပူးတွဲထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်မှာဖြစ်ပါတယ်။

အသက် ၅၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖတ် **(အပေါ်ပုံ)**ဟာ The Monkey King ရုပ်ရှင်ကားလည်း ရိုက်ကူးနေပြီး အဲဒီဇာတ်ကားကိုလည်း ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်မှာဖြစ်ပါတယ်။ ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖတ်ပါဝင်သရုပ်ဆောင်ထားတဲ့ The Assassins ဇာတ်ကားကတော့ ဟောင်ကောင်နဲ့ တရုတ်ပြည်မကြီးမှာ ရုံတင်ပြသနေပြီဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ အက်ရှင်နဲ့ ဒရာမာ ရောပြွမ်းရိုက်ကူးထားတဲ့ဇာတ်ကားဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ်ကတည်းက ရုပ်ရှင်လောကကို စတင်ရောက်ရှိခဲ့ပြီး ရုပ်ရှင်သရုပ်ဆောင်ဘဝနဲ့ ကျင်လည်ခဲ့ရာက အခုအချိန်မှာတော့ ရုပ်ရှင်ထုတ်လုပ်ရေးကို လုပ်ကိုင်နေသူဖြစ်ပါတယ်။ ဒ့ါအပြင် ဟောလီဝုဒ်မှာ အက်ရှင်ဇာတ်ကားတစ်ကား သွားရောက်ရိုက်ကူးဖို့လည်း အစီအစဉ်ရှိနေပါတယ်။ ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖတ်ဟာ တရုတ်အက်ရှင် ဇာတ်ကားတစ်ကားကို ကိုယ်တိုင်ထုတ်လုပ်သူအဖြစ် ရိုက်ကူးထုတ်လုပ်ဖို့လည်း ပြင်ဆင်နေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားပါတယ်။ **(အင်တာနက်)**

# အော်စကာဆုရ ဒါရိုက်တာဂျိမ်းကင်မရွန်း ပေကျင်းရုပ်ရှင်ပွဲတော်တက်ရောက်



*ပေကျင်း ဧပြီ ၂၆*

*ဒုတိယအကြိမ် ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ အော်စကာဆုရ ဒါရိုက်တာဂျိမ်းကင်မရွန်း တက်ရောက်ကာ **(ယာပုံ)** တရုတ်နိုင်ငံမှ အနုပညာရှင်များ၊ ဒါရိုက်တာများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဧပြီ ၂၅ ရက်က သတင်းထုတ်ပြန်သည်။*

*ဒါရိုက်တာဂျိမ်းကင်မရွန်းသည် တရုတ်ရုပ်ရှင်ကားတစ်ကားဖြစ်သည့် The Art of War အမည်ရှိ အက်ရှင်ကားကို သရီးဒီရုပ်ရှင်အဖြစ် ပြန်လည်တည်းဖြတ်ပြသရန်လည်း တရုတ်ရုပ်ရှင်ထုတ်လုပ်သူများနှင့် ဆွေးနွေးလျက်ရှိသည်။*

*၎င်းရုပ်ရှင်ကားကို တရုတ်ဒါရိုက်တာဟူဘိုက ရိုက်ကူးထားခြင်းဖြစ်ပြီး ယင်းဇာတ်ကားအား သရီးဒီအဖြစ် ဖန်တီးရန် ဒါရိုက်တာဂျိမ်းကင်မရွန်းကဆွေးနွေးနေခြင်းဖြစ်သည်။ဆွေးနွေးမှုအောင်မြင်ပါက ယင်းဇာတ်ကားသည် တရုတ်နိုင်ငံ၏ ပထမဆုံးသရီးဒီရုပ်ရှင်ကားဖြစ်လာမည်ဖြစ်သည်။*

*လောလောဆယ်တွင် တစ်စုံတစ်ရာသဘောတူညီမှုမရရှိသေးကြောင်း၊ တရုတ်နိုင်ငံမှ ရုပ်ရှင်ကုမ္ပဏီများနှင့် အပြီးသတ်ဆွေးနွေးမှုများ မပြုလုပ်နိုင်သေးကြောင်း ဒါရိုက်တာဂျိမ်းကင်မရွန်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် မြောက်အမေရိကနိုင်ငံများပြီးလျှင် ဒုတိယအကြီးမားဆုံး ရုပ်ရှင်ဈေးကွက်ဖြစ်ကြောင်း၊ဒါရိုက်တာဂျိမ်းကင်မရွန်း၏ တိုက်တန်းနစ်သရီးဒီဇာတ်ကားသည် တရုတ်နိုင်ငံ၌ သီတင်းနှစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၂၅၉ သန်းရရှိခဲ့သည်။ ထို့အတူ Avatar ဇာတ်ကားသည်လည်း တရုတ်နိုင်ငံတွင် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ကျော်ရရှိခဲ့ရာ တရုတ်ရုပ်ရှင်ဈေးကွက်သည် ကြီးမားကြောင်း ဒါရိုက်တာဂျိမ်းကင်မရွန်းက ပြောကြားသည်။* ***(အင်တာနက်)***

# ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး မီလာကူနစ် ဇာတ်ကားသစ်များရိုက်ကူးနေ



*လော့စ်အိန်ဂျလိစ် ဧပြီ ၂၆*

***ယူကရိန်းနိုင်ငံသူဖြစ်တဲ့ ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး မီလာကူနစ်ရဲ့ Ted Lori အမည်ရှိတဲ့ ရုပ်ရှင်ကားကို အမေရိကန်နိုင်ငံတစ်ဝန်း ပြသခဲ့တဲ့အခါ ပထမသီတင်းပတ်မှာပဲ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ သန်းရရှိခဲ့တာမို့ လူကြိုက်များတဲ့ဇာတ်ကားစာရင်းဝင်ခဲ့ပါတယ်။***

*ရုပ်တည်*

***အမေရိကန်နိုင်ငံ ဟောလီဝုဒ်ရုပ်ရှင်လောကမှာတော့ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး မီလာကူနစ်ဟာ ဆွဲဆောင်မှုကောင်းတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးအဖြစ် ရုပ်တည်နေသူဖြစ်ပါတယ်။***

***သူမရဲ့ Ted Lori ဇာတ်ကားဟာ ပြီးခဲ့တဲ့သီတင်းပတ်မှာ ပရိသတ်အကြိုက်ဆုံး ရုပ်ရှင် ကား ၁၀ ကားစာရင်းဝင်ခဲ့ပါတယ်။ရုပ်ရှင်မင်းသမီး မီလာကူနစ်ဟာ OZ: The Great and Powerful အမည်ရှိတဲ့ ဇာတ်ကားသစ်မှာ ပါဝင်သရုပ်ဆောင်နေပြီး ၂၀၁၃ ခုနှစ်မှာ အဲဒီဇာတ်ကား ရုံတင်ပြသနိုင်အောင် ကြိုးစားနေပါတယ်။ အဲဒီဇာတ်ကားမှ ရုပ်ရှင်မင်းသမီး မီလာကူနစ်ဟာ သီအိုဒိုရာအမည်ရှိတဲ့ စွမ်းအားပိုင်ရှင်အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။***

*နှစ်ခြိုက်အားပေး*

***သူမပါဝင်သရုပ်ဆောင်ထားတဲ့ Black Swan အမည်ရှိတဲ့ ဇာတ်ကားဟာလည်း ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်က ရုံတင်ပြသခဲ့တာ အောင်မြင်မှုရရှိပြီး ပရိသတ်နှစ်ခြိုက်အားပေးခဲ့တဲ့ ဇာတ်ကားဖြစ်ခဲ့ပါတယ်။***

*ရိုက်ကူး*

***အမေရိကန်နိုင်ငံတစ်ဝန်းမှာ လောလောဆယ်ပြသနေတဲ့ Good Vibes အမည်ရှိတဲ့ ဇာတ်ကားမှာလည်း ရုပ်ရှင်မင်းသမီး မီလာကူနစ်ခေါင်းဆောင်ပါဝင် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး မီလာကူနစ်ဟာ ၂၀၁၀ ခုနှစ်မှာ ရုပ်ရှင်ကားသုံးကား၊ ၂၀၁၁ ခုနှစ်မှာ ရုပ်ရှင်ကားသုံးကားနဲ့ ၂၀၁၂ ခုနှစ်မှာ ရုပ်ရှင်ကားသစ်နှစ်ကား ရိုက်ကူးခဲ့ပြီးဖြစ်ပါတယ်။***

*(အင်တာနက်)*

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်



# Nokia ဟမ်းဆက်စက်ရုံ ဗီယက်နမ်၌တည်ဆောက်ပြီ

**ဟန္နိုင်း ဧပြီ ၂၆**

ဖင်လန်နိုင်ငံမှ ကမ္ဘာ့ထိပ်တန်း မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သော Nokia က ဗီယက်နမ်နိုင်ငံ၌ ဟမ်းဆက်များထုတ်လုပ်သွားရန် စက်ရုံတစ်ရုံတည်ဆောက်နိုင်ရေးကို ဧပြီ ၂၄ရက်က ပန္နက်တင်အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ ဟမ်းဆက်ထုတ်လုပ်ရေး စက်ရုံသစ်ကြီးသည် ဆက်နင့်ချ်ပြည်နယ် ဗီယက်နမ်-စင်ကာပူ စက်မှုဇုန်၌တည်ရှိပြီး အကျယ်အဝန်း ၄၂ ဧကရှိသည်။ Nokia က ၎င်းဟမ်းဆက်စက်ရုံကို ၂၀၁၃ ခုနှစ် အစောပိုင်း၌ ဖွင့်လှစ်သွားရန် ခန့်မှန်းထားသည်။

ယင်းဟမ်းဆက်စက်ရုံဖွင့်လှစ်ပေးနိုင်မှုကြောင့် အလုပ်အကိုင်သစ် ၁၀၀၀၀ ထက် မနည်းခန့်ထားပေးနိုင်မည်ဟု ဆိုသည်။ ၂၀၁၄ ခုနှစ်အကုန်အထိ ဟမ်းဆက်အလုံးပေါင်း ၄၅ သန်း ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း Nokia မိုဘိုင်းလ်ဖုန်းဒုတိယဥက္ကဋ္ဌ မာရီမက်ဒူးဝဲလ်က ပြောကြားသည်။

ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံတွင် Nokia **(အပေါ်ပုံ)**ဟမ်းဆက် ထုတ်လုပ်ရေးစက်ရုံကြီး ဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် အရည်အသွေး ကောင်းမွန်သော ဟမ်းဆက်များ ဗီယက်နမ်နှင့် ဒေသတွင်းပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

# Flat TV ထုတ်လုပ်သည့် LG ဒေါ်လာ ၁၅၆ သန်း အရှုံးပေါ်



**ဆိုးလ် ဧပြီ ၂၇**

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော LG Display သည် ယခုနှစ်ပထမဆုံးလအတွင်း အရှုံး ၁၇၈ ဘီလီယံဝမ်(အမေရိ ကန်ဒေါ်လာ ၁၅၆ သန်း) အရှုံးပေါ်ခဲ့ကြောင်း ၎င်းကုမ္ပဏီက ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

**အရှုံးပေါ်**

ယင်းအရှုံးပေါ်မှုသည် ခြောက်ကြိမ်ဆက်တိုက် သုံးလတစ်ကြိမ် အရှုံးပေါ်ခဲ့ခြင်းဖြစ်ကြောင်း LG ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ ကုမ္ပဏီသည် LCD (Liquid Crystal display) Flat TV များ၊ ကွန်ပျူတာများ၊ မိုဘိုင်းလ်ဖုန်းများ ကမ္ဘာတစ်ဝန်းသို့ ထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီဖြစ်သည်။ **(အပေါ်ပုံ)** ဤသို့ အရှုံးပေါ်ရခြင်း၏ အဓိကအကြောင်းအရင်းများမှာ အက်ပဲလ်ကုမ္ပဏီက ipad 3 ထုတ်လုပ်လိုက်ခြင်းကြောင့်သော်လည်းကောင်း၊ တရုတ်ဈေးကွက်မှ Flat TV ဝယ်လိုအားကျဆင်းလာခြင်းကြောင့်သော်လည်းကောင်းဖြစ်နိုင်သည်ဟု LG ၏ ကြေညာချက်၌ဖော်ပြထားသည်။ သို့သော်လည်း LG က ipad အသစ်ထုတ်လုပ်နိုင်မှုနှင့် 3D TV များ ထုတ်လုပ်လာနိုင်ခြင်းကြောင့် ရောင်းအားပြန်တက်လိမ့်မည်ဟုခန့်မှန်းထားသည်။ LG က ၁၀ ရာခိုင်နှုန်းအထိ ရောင်းအားပြန်တက်ရန် မျှော်လင့်ထားသည်။ **(အင်တာနက်)**




# HTC စမတ်ဖုန်းများ အာရှနှင့်ဥရောပ ရောင်းအားမြင့်တက်လာနိုင်

*တရုတ်(တိုင်ပေ) ဧပြီ ၂၆*

*တရုတ်(တိုင်ပေ)၏ ထိပ်တန်းစမတ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သော HTC က ၎င်း၏ စမတ်ဖုန်းရောင်းချမှုသည် အမေရိကန်ဈေးကွက်တွင် ကျဆင်းသွားသော်လည်း အာရှနှင့် ဥရောပတွင် ဝယ်လိုအားများပြားလာလိမ့်မည်ဟု မျှော်လင့်ကြောင်း ဧပြီ ၂၄ ရက်က ပြောကြားသည်။*

*အမေရိကန်ဈေးကွက်တွင် အမေရိကန်ထိပ်တန်းနည်းပညာကုမ္ပဏီအက်ပဲလ်က နောက်ဆုံးပေါ် စမတ်ဖုန်းအမျိုးအစားတစ်မျိုးဖြစ်သည့် iphone 4s ထုတ်လုပ်လိုက်ခြင်းကြောင့် HTC စမတ်ဖုန်းများ ရောင်းအားကျဆင်းသွားခဲ့ရကြောင်း HTC ကုမ္ပဏီအမှုဆောင်အရာရှိ ပီတာချူးက ပြောကြားသည်။ (ဝဲပုံ)*

*အမေရိကန်ဈေးကွက်၌ HTC စမတ်ဖုန်းများ ရောင်းအားကျဆင်းသွားခဲ့ရသော်လည်း အာရှနှင့် ဥရောပဈေးကွက်များ မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။*

*၎င်း၏ ဝင်ငွေသည် ယခုနှစ်ပထမသုံးလအတွင်း ထိုင်ဝမ်ဒေါ်လာ ၁၀၅ ဒသမ ၀ ဘီလီယံအထိရှိလိမ့်မည်ဟုဆိုသည်။ ပထမသုံးလအတွင်း အသားတင် အမြတ်ရငွေသည် ထိုင်ဝမ်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံရှိမည်ဖြစ်ကြောင်း HTC ကုမ္ပဏီက ခန့်မှန်းထားသည်။*

*HTC ကုမ္ပဏီသည် မတ်လအတွင်း အားကောင်းသောကင်မရာများ တပ်ဆင်ထားသည့် စမတ်ဖုန်းများ ဆက်တိုက်ထုတ်ဝေခဲ့သည်။ ၎င်းကုမ္ပဏီသည် အက်ပဲလ် ကုမ္ပဏီနှင့် ဆမ်ဆောင်းတို့၏အဓိကပြိုင်ဘက်လည်းဖြစ်လာသည်။* *(အင်တာနက်)*

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်



ရီးရဲမက်ဒရစ်အသင်းမှ စီရိုနယ်ဒို ဤသို့ ထိုး ဖောက် ကစားခဲ့သည်။

# ရီးရဲမက်ဒရစ်တို့ ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်

မက်ဒရစ် ဧပြီ ၂၆

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့်ဘိုင်ယန်မြူးနစ်အသင်းတို့ ဧပြီ ၂၆ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်အရ သုံးဂိုးစီ သရေပွဲဖြစ်နေရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဘိုင်ယန်မြူးနစ်တို့နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရီးရဲမက်ဒရစ်က အိမ်ကွင်းတွင်ကစားရသောယခုပွဲ၌ ဂိုးပြတ်သွင်းပြီး အနိုင်ယူနိုင်ရေးအတွက် လူစုံထုတ် ယှဉ်ပြိုင်ကစားခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ပွဲချိန် ၆ မိနစ်၌ စီရိုနယ်ဒိုက ပယ်နယ်တီမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ သည်။

ရီးရဲမက်ဒရစ်တို့ဆက်လက်ပြီး ဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၁၄ မိနစ်၌ စီရိုနယ်ဒိုကပင် တစ်ဂိုးထပ်မံသွင်းယူပေးနိုင်ခဲ့သဖြင့် နှစ်ဂိုးရရှိခဲ့သည်။ သို့သော် ပွဲချိန် ၂၇ မိနစ်၌ ရော်ဘင်က ပယ်နယ်တီမှတစ်ဆင့် ဘိုင်ယန်မြူးနစ်အတွက် ချေပဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော် ပထမအကျော့ပွဲစဉ် ဘိုင်ယန်မြူးနစ်ကွင်း၌ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီဖြစ်နေခဲ့သည်။ ထို့ကြောင့် အချိန်ပို ဆက်လက်ကစားစေရာတွင်လည်း ဂိုးထပ်မံမသွင်းယူနိုင်သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ယူပြီး ဂိုးသွင်းယူစေခဲ့ရာမှ ဘိုင်ယန်မြူးနစ်က သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်တို့လည်း ပယ်နယ်တီဖြင့် ရေတိမ်နစ်ပြီး အကောင်းဆုံး အရှုံးသမားဖြစ်ကာ ချန်ပီယံလိဂ်ဖလားအိပ်မက်ပျက်ပြယ်ခဲ့သည်။ (အင်တာနက်)

## ဘရာဇီးရေကူးသမားဆီဆာစီအီလို လန်ဒန်အိုလံပစ်၌ ကမ္ဘာ့စံချိန်သစ်တင်မည်

ရီယိုဒီဂျနေးရိုး ဧပြီ ၂၆

ဘရာဇီးရေကူးကစားသမား ဆီဆာစီအီလိုသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဧပြီ ၂၅ ရက်က ကျင်းပသည့် လန်ဒန်အိုလံပစ်အကြို ရေကူးပြိုင်ပွဲ၏ အမျိုးသားမီတာ ၅၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သဖြင့် လန်ဒန်အိုလံပစ် မီတာ ၅၀ ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



အသက် ၂၅ နှစ်အရွယ်ရှိ ဘရာဇီးရေကူးသမား ဆီဆာစီအီလို (ယာပုံ)သည် ယခင်က မီတာ ၅၀ စိတ်ကြိုက် ရေကူးပြိုင်ပွဲ၌ ၂၂ ဒသမ ၁၃ စက္ကန့်နှင့် ၂၁ ဒသမ ၈၅ စက္ကန့် တို့ဖြင့် စံချိန်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

ထို့အပြင် ၂၀၀၉ ခုနှစ်က ဘရာဇီးချန်ပီယံရှစ်ရေကူး ပြိုင်ပွဲတွင် ဆီဆာစီအီလိုသည် မီတာ ၅၀ စိတ်ကြိုက်ရေကူး ပြိုင်ပွဲ၌ ၂၀ ဒသမ ၉၁ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန် တင်ထားခဲ့သူ ဖြစ်သည်။

ထို့အတူ မီတာ ၂၀၀ လက်ပစ်ကူးပြိုင်ပွဲ၌ ဆီဆာစီအီလိုသည် ၂ မိနစ် ၁၀ ဒသမ ၃၇ စက္ကန့် စံချိန်ရရှိရန် ကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။ လောလောဆယ်၌ ဆီဆာစီအီလိုသည် မီတာ ၂၀၀ လက်ပစ်ကူး၌ ၂ မိနစ် ၁၁ ဒသမ ၇၄ စက္ကန့်ဖြင့် ရေကူးထားနိုင်သည်။ (အင်တာနက်)

## ပရီမီယာလိဂ်ပွဲစဉ် ဘော်လ်တန်တို့အဝေးကွင်း၌ နိုင်ပွဲရရှိ

လန်ဒန် ဧပြီ ၂၆

ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်ကို ဧပြီ ၂၅ ရက် နံနက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ ဗီလာနှင့်ဘော်လ်တန်တို့ပွဲတွင် ဘော်လ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့သည်။ (အောက်ပုံ) အမှတ်လိုအပ်နေသော ဗီလာအသင်းသည် အိမ်ကွင်း၌ ဘော်လ်တန်အသင်းကို ဖိဖိစီးစီးကစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်း ပွဲချိန် ၆၁ မိနစ်ရောက်မှသာ ဝါနော့ခ်က ဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ဧည့်သည် ဘော်လ်တန်တို့က ချေပဂိုးရရှိရေး တန်ပြန်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၆၃ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ပီထရော့ကသွင်းယူပေးခဲ့ရာမှ ချေပဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် အနိုင်ဂိုးသွင်းယူနိုင်ရေး နှစ်သင်းစလုံးကြိုးစားခဲ့သော်လည်း ဘော်လ်တန်အသင်းမှ ဂေ့ါဂ်က ဂိုးသွင်းယူခဲ့သဖြင့် ဘော်လ်တန်တို့ နှစ်ဂိုးရရှိခဲ့သည်။



ပွဲချိန်ပြည့်သည် အထိ နှစ်သင်း စလုံး ဂိုးထပ်မံမသွင်းနိုင်သဖြင့် ပွဲအပြီးတွင် ဧည့်သည် ဘော်လ်တန် တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရကာ အဖိုးတန်သုံးမှတ် ပိုက်ပြီး အိမ်ပြန်နိုင်ခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး – စုစည်းသည်

## ရီးရဲ့နည်းပြမော်ရင်ဟို ချယ်လ်ဆီးကိုဖလားရစေလို



*မက်ဒရစ် ဧပြီ ၂၆*

*ရီးရဲမက်ဒရစ်က ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်ကို ပယ်နယ်တီနှင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဗိုလ်လုပွဲတွင် ချယ်လ်ဆီးက ဘိုင်ယန်မြူးနစ်ကို အနိုင်ရစေလိုကြောင်း ရီးရဲမက်ဒရစ် နည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။*

*ချယ်လ်ဆီးအသင်းသည် ဒုတိယအကျော့တွင် ၁၀ ဦးတည်းဖြင့် ဘာစီလိုနာအသင်းကို အနိုင်ကစားပြီး ဗိုလ်လုပွဲတက်ရောက်လာသည့်အသင်း ဖြစ်သည်။* ***“ကျွန်တော့်အနေနဲ့ အရိုးသားဆုံးပြောရရင် ချယ်လ်ဆီးကို ဗိုလ်လုပွဲမှာ အနိုင်ရဗိုလ်စွဲစေချင်ပါတယ်။ ဒါကျွန်တော့်ရင်ထဲက ဆန္ဒပါ။ သူတို့ဟာ ၁၀ ဦးတည်းနဲ့ ဘာစီလိုနာလိုအသင်းကို အနိုင်ကစားပြနိုင်ခဲ့တာ တကယ့်ဘောလုံးသူရဲကောင်းတွေပါ”*** *လို့ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို* ***(အပေါ်ပုံ)*** *က ပြောကြားသည်။*

*ဘိုင်ယန်မြူးနစ်အသင်းသည် ၁၉၈၄ ခုနှစ်တွင် ရောမမြို့၌ ဥရောပချန်ပီယံဖလားကို ဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့တက်ရောက်လာသော အသင်းဖြစ်သည်။ ၎င်းအသင်းသည် ချန်ပီယံလိဂ်ဖလားကို ပဉ္စမအကြိမ်မြောက်အဖြစ် ဆွတ်ခူးရန် မျှော်လင့်ထားသည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို လာမည့် မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။* ***(အင်တာနက်)***

## ဘာစီလိုနာအိုးပင်းဖလား ရာဖေးလ်နာဒယ်ကာကွယ်မည်



လက်ရှိချန်ပီယံရာဖေးလ်နာဒယ်၏ တင်းနစ်ကစားဟန်။

ဘာစီလိုနာ ဧပြီ ၂၆

စပိန်တင်းနစ် ကစားသမား ရာဖေးလ်နာဒယ်သည် ဧပြီ ၂၆ ရက်က ဘာစီလိုနာအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဂါစီယာလိုပက်ဇ်အား ၆-၁၊ ၆-၂ ဖြင့် နိုင်ပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

လက်ရှိချန်ပီယံရာဖေးလ်နာဒယ်သည် ပြီးခဲ့သည့်အပတ်က မွန်တီကာလိုအိုးပင်းတွင် ဖလားဆွတ်ခူးခဲ့သည်။ ၎င်းသည် ဂါစီယာလိုပက်ဇ်ကို အချိန်တိုအတွင်း အနိုင်ကစားနိုင်ခဲ့သည်။ ပြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် တတိယအကျော့ပြိုင်ပွဲတွင် ဆန်တီယာဂို ဂျီရယ်ဒိုနှင့်ကစားရမည်ဖြစ်သည်။

ဘာစီလိုနာအိုးပင်း လက်ရှိချန်ပီယံရာဖေးလ်နာဒယ်သည် ဖလားကာကွယ်ရန် ရေပန်းစားနေသည်။ ၎င်းသည် ပြီးခဲ့သည့်အပတ်က မွန်တီကာလိုဖလားလုပွဲတွင် ဂျိုကိုဗစ်ကို အနိုင်ကစားနိုင်ခဲ့သဖြင့် အကောင်းဆုံးကစားနိုင်သည့် စွမ်းရည် ရရှိထားသည်။ (အင်တာနက်)

## ချယ်လ်ဆီးအသင်း အနိုင်ရ အောင်မြင်မှု နည်းပြဒီမတ်တီယိုချီးကျူး



*လန်ဒန် ဧပြီ ၂၆*

*ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးက ဘာစီလိုနာကို အနိုင်ရမှုသည် မယုံကြည်နိုင်လောက်သည့် အောင်မြင်မှုဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ဒီမတ်တီယို* ***(အပေါ်ပုံ)****က ချီးကျူးပြောကြားလိုက်သည်။*

*ချယ်လ်ဆီးအသင်းသည် ဧပြီ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားသည့် အဆိုပါပြိုင်ပွဲတွင် ဂျွန်တယ်ရီအထုတ်ခံရပြီးနောက် ၁၀ ဦးတည်းနှင့် အချိန်တစ်နာရီကြာ တောင့်ခံကစားခဲ့ရသည်။ သို့သော်လည်း ဘာစီလိုနာအိမ်ကွင်း၌ နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျအောင် ကစားပေးနိုင်ခဲ့သည်။*

***“လူတိုင်းက ဘယ်လိုမှထင်မထားတဲ့ ကျွန်တော့်ကစားသမားတွေဟာ အကောင်းဆုံးခံစစ်နဲ့ကစားသွားတာတွေ့ရတော့ အားလုံးက အံ့သြမဆုံးဖြစ်ရပါတယ်။ ကျွန်တော့်ကစားသမားတွေဟာ တကယ်တမ်းချီးကျူးလောက်တဲ့ ကစားသမားကောင်းတွေပါ”*** *ဟု ဒီမတ်တီယိုက သတင်းထောက်များအား ပြောကြားခဲ့သည်။* ***(အင်တာနက်)***

## ဆားဘီးယား အမျိုးသမီးတင်းနစ်အသင်း ပထမဆုံးအကြိမ် ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲတက်

မော်စကို ဧပြီ ၂၆

ဆားဘီးယား အမျိုးသမီးတင်းနစ်အသင်းသည် ဖက်ဒရေးရှင်းဖလားတင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်လုပွဲသို့ ရောက်ရှိလာသည်။ ဆားဘီးယားတင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်က ရုရှားတင်းနစ်မယ် ဆဗက်လန်တာကွတ်ညက်ဆိုဗာအား နိုင်ပြီးနောက် ဆားဘီးယားတို့ ပထမဆုံးအကြိမ် ဖက်ဒရေးရှင်းဖလားဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



မော်စကိုမြို့၌ ဧပြီ ၂၂ ရက်က ကျင်းပသော ပြိုင်ပွဲတွင် ဂျန်ကိုဗစ်က ကွတ်ညက်ဆိုဗာအား ၆-၁၊ ၆-၄ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။

ဆားဘီးယား အမျိုးသမီးအသင်းသည် (ဝဲပုံ) ဗိုလ်လုပွဲတွင် ချက်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ချက်အမျိုးသမီးအသင်းသည် ကမ္ဘာ့နံပါတ်တစ် အီတလီအသင်းကို လေးပွဲ-တစ်ပွဲဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ (အင်တာနက်)

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ဘော်ဇင်လမ်း၊
တိုက် ၁၉၊ အခန်း ၄ နေ
ဦးသန်းထွန်း(ငွေစာရင်းအရာရှိ၊ ငြိမ်း၊ ကပရ)-ဒေါ်ခင်စန်း(ကပရ၊ ငြိမ်း)
တို့၏သားငယ်
**မောင်အောင်နိုင်မျိုး B.E(Electronic)**
**Senior Applications and Service Engineer**
**Kenda(S)Pte. Ltd., Singapore**
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၂၀၃ နေ
(ဦးသိန်းထွန်း)-ဒေါ်ခင်ထားရီ(အထက-၅၊ ကမာရွတ်၊ ငြိမ်း) တို့၏ သမီးငယ်
**ဒေါက်တာခင်ငြိမ်းငြိမ်းဖြူ B.V.Sc**
**Senior Veterinary Technical**
**Singapore Veterinary Animal Clinic**
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် လက်ထပ်ပြီးစီးပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၀)၊ ၂၆-Bလမ်း၊ ၈၆×၈၇ လမ်းကြား၊ တိုက်အမှတ်(၁၃)၊ (၁၄)နေ ကျွန်တော် ဦးကျော်(ဘ-ဦးနေ) ၉/မနတ(နိုင်)၀၁၅၉၆၄ ကိုင်ဆောင်သူက ၁၇-၃-၂၀၁၂ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)၌လည်းကောင်း၊ ၁၉-၃-၂၀၁၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)၌ လည်းကောင်း၊ ၁၉-၃-၂၀၁၂ ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ ကြော်ငြာအထူးကဏ္ဍ(ဂ)၌လည်းကောင်း သွာနုတ္တသားသမီးများအဖြစ် သတ်မှတ်ကြောင်း အများသိစေရန် ကြေညာခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် သားသမီးများအားလုံးအပေါ် မိဘဝတ္တရားကျေပွန်ခဲ့သလို သားသမီးများအားလုံးကလည်း သားသမီးဝတ္တရားကျေပွန်ခဲ့သည့်အပြင် ကျွန်တော့်အားလိုအပ်သည်များ မရှိစေရအောင် ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို အမြဲမပြတ် ပြုလျက်ရှိကြပါသည်။

ယနေ့တိုင် ကျွန်တော်နှင့် သားသမီးများက အလှူဒါနများပြုရာတွင် ဖခင်ဖြစ်သူ ကျွန်တော် ဦးကျော်ကို ဦးထိပ်ထား၍ ပြုလုပ်လှူဒါန်းလျက်ရှိကြပါသည်။

ထို့ကြောင့် ကျွန်တော်၏ သားသမီးများအနက် သမီး မခင်မေကျော်(ကျော်-ဒန်သတ္တု၊ ပန်းကန်ရောင်းဝယ်ရေး)နှင့် သား မောင်ဝင်းဇော်ဦး(ဝင်းဝင်း စားပွဲခုံထုတ်လုပ်ရေး)တို့အပေါ် သွာနုတ္တ သားသမီးများအဖြစ် သတ်မှတ်ကြောင်းကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်**
**အကွက်အမှတ်(၁၈၀)၊**
**တိုက်အမှတ်(၁၃)၊ (၁၄)၊ ၂၆-Bလမ်း၊ ၈၆×၈၇ လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

### အမည်မှန်

မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ပုထိုးသာကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ ဦးတင်၏သား ဦးဘိုးဝင်း ၅/ပလန(နိုင်)၀၁၃၆၆၇ ၏ အမည်မှန်မှာ ဦးဖိုးဝင်း ဖြစ်ပါသည်။ **ဦးဖိုးဝင်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် 4E၊ မြေကွက်အမှတ် V-72၊ မြေကွက် တည်နေရာအမှတ် ၇၉၊ အောင်မင်္ဂလာလမ်း၊ ဘိုးလိန်းရပ်ကွက်၊ တာမွေမြို့နယ်၊ မစကီအမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် မစကီ (မိခင်/အသွား)၊ ဦးအဆက် အလီ(ဖခင်/အဘိုး)၊ ဦးအနူဟာမစ်(သား)၊ ဒေါ်ကာသယ်ဖာတူ (ချွေးမ)၊ ဦးနာဂူဂနီး(သား)၊ ဒေါ်ပာဝါဘီဘီ (ချွေးမ)၊ ဦးဂိုလန်(သား)၊ ဒေါ်ယာဒခီရာ (ချွေးမ)တို့အသီးသီး ကွယ်လွန်သွားပါသဖြင့် (၁) ဦးလှအောင် (ခ) အီဗရာဟင် ၁၂/တမန(နိုင်)၀၀၀၅၄၀၊ (၂)ဒေါ်ကာသယ်ဘီဘီ ၁၂/တမန(ပြု) ၀၀၀၄၈၃၊ (၃)ဒေါ်အဆာဘီ (L/RGN -၀၁၂၃၉၈)၊ (၄)ဒေါ်လှလှဝင်း ၁၂/သဃက (နိုင်) ၁၅၄၂၅၉၊ (၅)ဦးမာမက် ၁၂/မဂတ(နိုင်)၀၇၅၈၉၂၊ (၆)ဦးမြအေး ၁၂/တမန(နိုင်)၀၇၂၄၉၇ တို့က သား၊ သမီး၊ မြေးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃) ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း အမှတ်(၃၇၃)တွင် ပါတီရုံးချုပ်တည်ရှိသော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၆-၄-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီ အမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ**



**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင်ပထမနေ့**

(က) နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
၉-၆-၂၀၁၂ရက် (စနေနေ့)
- မဟာသုတေသနဘွဲ့(အထူးပြုများအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့
(ပထဝီဝင်၊ သမိုင်း၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဘီတီ)

(ခ) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀ နာရီ)
၉-၆-၂၀၁၂ရက် (စနေနေ့)
-ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(အထူးပြုများအားလုံး)
-ဝိဇ္ဇာ/သိပ္ပံဘွဲ့
[ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ အီးအက်(စ်)]

အစမ်းလေ့ကျင့်ခြင်း-၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့)၊ နံနက် ၉:၀၀ နာရီ

**ဘွဲ့နှင်းသဘင်ဒုတိယနေ့**

(က) နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)
-၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့)
-မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (အထူးပြုများအားလုံး)
-ဝိဇ္ဇာ/သိပ္ပံဘွဲ့
(မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ သတ္တဗေဒ)

**အစမ်းလေ့ကျင့်ခြင်း** - ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ
**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

၂။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျင်းပခဲ့သော ဝိဇ္ဇာ၊ သိပ္ပံ(ဘွဲ့) (၂၀၀၈အောင်) စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲအပါအဝင်)၊ ဝိဇ္ဇာ၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၇ အောင်)၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ (ဘွဲ့) (၂၀၀၄ အောင်) စာမေးပွဲအောင်မြင်သူများ၊ မဟာသုတေသနဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက်လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း+မိတ္တူ)နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား(မူရင်း+မိတ္တူ) တင်ပြတောင်းယူလျက် လွန်ခဲ့သော သုံးလအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂"×၁½") အရွယ်နှစ်ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်မည့်သူများသည် ကျပ် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၄။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာနစိတ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၅။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားလာခြင်းကို လုံးဝခွင့်မပြုပါ။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၆-၄-၂၀၁၂ရက်မှ ၁၁-၅-၂၀၁၂ရက်အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ တက်ရောက်လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၈။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်လက်မှတ်နှင့် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁-၆-၂၀၁၂ရက် (သောကြာနေ့)မှ စတင်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

၉။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံအနက်မှ မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

၁၀။ အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ၎င်းတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲ တယ်လီဖုန်းအမှတ် ၆၁၃၈၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၁။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ MFTB ဘဏ်တွင် ငွေသွင်းချလန် (account IDB 0785646)မူရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။
**ဦးသန်းကြိုင် ဖုန်း-၀၉-၈၆၂၃၉၇၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အထက(၁)၊ နဝမတန်းမှ မှတ်ပုံတင်အမှတ် ၁၃/ကမန(နိုင်)၀၀၀၈၃၉ အေးငြိမ်းငြိမ်းမြင့်နှင့် အေးညိမ်းညိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **အေးညိမ်းညိမ်း**
**ဖုန်း-၀၉-၄၀၃၇၂၂၈၅၇**




## ရတနာပုံအသင်း ထိုင်းနိုင်ငံ၌သွားရောက်ခြေစမ်းမည်

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**ရန်ကုန် ဧပြီ ၂၆**

၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရေး ကြိုးပမ်းနေသည့် MNL ကလပ် ရတနာပုံအသင်းသည် ဒုတိယအကျော့ မစတင်မီ ပြိုင်ပွဲခေတ္တရပ်နားထားစဉ်ကာလအတွင်း ထိုင်းနိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရတနာပုံအသင်းသည် ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာအသင်း အပါအဝင် ကလပ်အသင်းသုံးသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ခြေစမ်းပွဲများအဖြစ် ဧပြီ ၂၈ ရက်တွင် ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရိုဆာဆနာအသင်း၊ မေ ၁ ရက်တွင် ထိုင်းပထမတန်းကလပ် ပူးစက်အသင်း၊ မေ ၃ ရက်တွင် ထိုင်းပထမတန်းကလပ် ကရာဘီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဧပြီ ၂၇ ရက် **(ယနေ့)** တွင် ထွက်ခွာမည်ဖြစ်ပြီး မေ ၅ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ရတနာပုံ အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင်ရှစ်ဦး၊ ကစားသမား ၂၂ ဦး လိုက်ပါသွားမည်ဖြစ်သည်။ **(အောက်ပုံ)** တောင်ကိုရီးယားနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်သွားသည့် သက်နိုင်နှင့် ရဲဇော်ထက်အောင်၊ ဒဏ်ရာ ရရှိနေသည့် ဂိုးသမား ဇော်ဇော်နိုင်တို့မှလွဲ၍ MNL ပြိုင်ပွဲအတွက် မှတ်ပုံတင်ထားသည့် ကစားသမားများကို ခေါ်ဆောင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



## နိုင်ငံတကာတင်းနစ်ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ခဲ့ကြသော မြန်မာအမျိုးသားတင်းနစ်လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၆**

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံတကာတင်းနစ်ပြိုင်ပွဲ အတွေ့အကြုံများ ရရှိစေရန် ရည်ရွယ်၍ Davis Cup Asia /Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲနှင့် နိုင်ငံတကာတင်းနစ် ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ကစားခဲ့ကြသော အသင်းခေါင်းဆောင် မင်းမင်း၊ ငယ်နှောင်း၊ ဖြိုးမင်းသာနှင့် အောင်ကျော်နိုင်တို့ ပါဝင်သော မြန်မာအမျိုးသားတင်းနစ်လက်ရွေးစင်အသင်းသည် ဧပြီ ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာအမျိုးသားလက်ရွေးစင်အသင်း နိုင်ငံတကာတင်းနစ်ပြိုင်ပွဲ အတွေ့အကြုံ ရရှိစေရေးအတွက် ဧပြီ ၂ ရက်မှ ၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သော ITF Future (FI) တင်းနစ်ပြိုင်ပွဲနှင့် ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော ITF Future (FI) တင်းနစ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ဧပြီ ၁၆ ရက်မှ ၂၃ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သော ၂၀၁၂ ခုနှစ် Davis Cup by Asia / Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲ၏ Pool (B) ၌ ပါဝင်ကြသော Jordan၊ Singapore၊ မြန်မာ၊ Qatar နှင့် Cambodia အသင်းများနှင့် ယှဉ်ပြိုင်ကစားကြသည်။

မြန်မာ အမျိုးသား တင်းနစ်လက်ရွေးစင်အသင်းသည် ဧပြီ ၁၆ ရက်တွင် အိမ်ရှင် Qatar အသင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း၊ ဧပြီ ၁၇ ရက်တွင် Jordan အသင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း၊ ဧပြီ ၁၈ ရက်တွင် Cambodia အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဧပြီ ၁၉ ရက်တွင် Singapore ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ရှုံးနိမ့်ခဲ့သည်။

၂၀၁၂ ခုနှစ် Davis Cup Asia / Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲ၌ ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအမျိုးသား တင်းနစ် လက်ရွေးစင်အသင်းသည် အဆင့်သတ်မှတ်သည့် ပြိုင်ပွဲအဖြစ် ဧပြီ ၂၀ ရက်တွင် Bahrain အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက သုံးပွဲပြတ်အနိုင်ရရှိကာ အဆင့်(၉)အဖြစ် သတ်မှတ်ခံရပြီး Bahrain အသင်းက အဆင့် (၁၀) သတ်မှတ်ခံရကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## သီပေါမြို့၌ ယာဉ်တိုက်မှုဖြစ်

**သီပေါ ဧပြီ ၂၆**

ဧပြီ ၂၅ ရက် နံနက် ၆ နာရီခွဲက လားရှိုးမှမန္တလေးသို့ ထွက်ခွာလာသော ကိုညဏ်မြင့် မောင်းနှင်သည့် MARK II ဆလွန်းအဖြူရောင် ၆ဂ/----- နှင့် မန္တလေးမှ လားရှိုးသို့ ထွက်ခွာလာသည့် ကိုဘိုဘို မောင်းနှင်သည့် မှန်လုံခရီးသည်တင်ယာဉ်တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ဒုဋ္ဌဝတီ မြစ်ကူးတံတား လားရှိုးဘက်အထွက် တံတားထိပ်၌ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သီပေါရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး လူထိခိုက် ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရှိရသည်။ **(၀၇၂)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်အမတ်များနှင့် ချည်သည်အဖွဲ့များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်လွှတ်တော်အမတ် Mr. Takeda Ryota အား ဧပြီ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ လက်ခံတွေ့ဆုံသည်။**



ထို့နောက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ဂျပန်လွှတ်တော်အမတ် Mr. Hirohiko Nakamura အား လက်ခံတွေ့ဆုံသည်။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ယင်းနောက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် International Friendship Exchange Council (FEC) ဥက္ကဋ္ဌ Mr. Ken Matsuzawa နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် Graduate Institute of Policy Studies (GRIPS) ဥက္ကဋ္ဌ Prof: Takashi Shirashi နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထို့နောက် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Nakasone အား လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးလှထွန်းနှင့် ဦးတင်နိုင်သိန်း၊ *စာမျက်နှာ ၅ ကော်လံ ၁* ■

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Nakasone နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံခေတ်မီဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မည် ပညာတော်သင်များအနေဖြင့် အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူရန် လိုအပ်

## မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်

**ဩဝါဒစကားပြောကြား**

**နိုင်ငံတော် သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား ဩဝါဒစကားပြောကြားစဉ်။** (သတင်းစဉ်)



နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧပြီ ၂၂ ရက် ညနေ ၅ နာရီတွင် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ ဂျပန်နိုင်ငံသို့ ခေတ္တကြွရောက်နေသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ဆရာတော်သံဃာတော် (၇)ပါးတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ဂါရဝပြုကန်တော့

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သံအမတ်ကြီးနှင့် ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအားတွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတအား သံအမတ်ကြီးဦးဆောင်သော သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

### ကြိုးပမ်းထမ်းဆောင်

ထို့နောက် နိုင်ငံတော်သမ္မတက ဩဝါဒစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်တည်ငြိမ်အေးချမ်းမှု၊ ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘောဆောင်သော ဆက်သွယ်ဆက်ဆံမှုများ ပိုမိုဆောင်ရွက်လာမှု၊ နိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ ဆက်လက်ဖော်ဆောင်သွားရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်နေမှု၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ကမ်းလှမ်းလာမှုနှင့် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေးနေမှု၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံခေတ်မီဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်မည်ဖြစ်၍ ပညာတော်သင်များအနေဖြင့် အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူရန်လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာနိုင်ငံများတွင် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာအောင် တည်ဆောက်ရန်၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန်၊ သံတမန်ကျင့်ဝတ်၊ စည်းမျဉ်းများကို လိုက်နာပြီး နိုင်ငံ့တာဝန်များကို စည်းလုံးညီညွတ်စွာ ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် ဝန်ထမ်းများ၊ မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ပညာတော်သင်များအား ပံ့ပိုးချီးမြှင့်ငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**